# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၇၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

# ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာရဟန်းရှင်လူ၊ ပြည်သူများ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကား

နေပြည်တော် ဇူလိုင် ၉

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ပြည်သူများသည် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်းနှင့် တရားဘာဝနာပွားများခြင်း စသည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၌လည်း ဗုဒ္ဓဘာသာ အစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှုပြုလုပ်၍ သီတင်းသီလ ဆောက်တည်ကြသူရဟန်းရှင်လူ၊ ပြည်သူများဖြင့် စည်ကားခဲ့သည်။

နံနက်ပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ


*စာမျက်နှာ ၄ ကော်လံ ၁ ✻*



**ယနေ့ ဖတ်စရာ**

**ဝါဆိုစဉ် စာအလင်္ကာများ** ဆောင်းပါး စာ ၆

**ပိုလ်ချုပ်မှော်မှန်းချက်များ အလေးထား** ဆောင်းပါး စာ ၁၀

**ဝါဆိုလပြည့်နေ့၌ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရားဖူးလာရောက်သူများနှင့် ကောင်းမှုကုသိုလ်ပြုလုပ်သူများစည်ကား** ပြည်တွင်းသတင်း စာ ၁၂

**သီရိလင်္ကာနိုင်ငံက ၂၀၂၆ နှစ်ကုန်တွင် အလယ်တန်းကျောင်းအားလုံး အင်တာနက်သုံးစွဲခွင့်ရရှိရေး လုပ်ဆောင်** နိုင်ငံတကာသတင်း စာ ၁၄

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့သည် ယမန်နေ့က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး (နေပြည်တော်) ၌ တွေ့ဆုံကြရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ အဖွဲ့ဝင် ဦးခင်မောင်ဦး၊ အတွင်းရေးမှူး ဦးရဲရင့်လွင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့်အဖွဲ့ဝင် ဦးတင်အောင်၊ ဦးဝင်းလှိုင်ဦး (ခ) ကုန်ဇမှုန်းတို့ တက်ရောက်ကြသည်။

**ပိုင်းဝန်းဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌတို့က ကျင်းပပြုလုပ်ရန် ရှိသော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိစေရန်၊ ပါဝင်ထိုက်သူများ ပါဝင်သော ရွေးကောက်ပွဲဖြစ်စေရန်၊ ဥပဒေနှင့်ညီညွတ်ပြီး သတ်မှတ်သောစံနှုန်းများ ကိုက်ညီစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲ အလွန်ကာလ သုံးခုလုံး၌ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကိုယ်ဝန်ဆောင်များ



အပါအဝင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ မဲပေးနိုင်ရေးကိစ္စများ၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပညာပေးမှုကိစ္စများ၊ မြန်မာ electronic မဲပေးစက်များ (MEVM) ဖြင့် လက်တွေ့ သရုပ်ပြဆောင်ရွက်ခြင်းကိစ္စများ စသည့်ဆောင်ရွက် ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းက အလှူငွေ၊ ဆိုလာမီးအိမ်နှင့်ဆေးဝါးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက အလှူငွေ၊ ဆိုလာမီးအိမ်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဘေးသင့်ဝန်ထမ်းများ ယာယီနေထိုင်ရန် တပ်ဆင်ထားသော Container House များတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းက ငွေကျပ် ၁၂၃၀၀၀၀၀၊ ဆိုလာမီးအိမ် ၁၂၃ ခုနှင့် မုန်ချိုအကြောပြေလိမ်းဆေးများကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး(အပေါ်ပုံ) ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့ မွန်းလွဲပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ဝင်တဲကူးကျေးရွာ ရွှေပြည်ဝင် စာကြည့်တိုက် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် စာကြည့်တိုက်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးမှာကြားသည်။ ဆက်လက်၍ နေပြည်တော် ကောင်စီဝင်သည် ဝင်တဲကူးကျေးရွာအုပ်စု သစ်တောကျေးရွာတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနန္ဒာကျော်နှင့် ဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ယင်လုံအိမ်သာရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအတွင်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် ရောဂါများကြိုတင် ကာကွယ်ရေးအတွက် လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် နေပြည်တော် ကောင်စီဝင်သည် သစ်တောကျေးရွာ မူလတန်းလွန်ကျောင်းသို့သွားရောက်၍ ငလျင်ဘေးကြောင့် ကျောင်းဆောင်ပျက်စီးမှုကို အမြန်ဆုံးပြန်လည်ပြုပြင်ပြီး စာသင်ကြားနိုင်ရေး မှာကြားခဲ့သည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်သည် ရွှေကျင်ကျေးရွာ ရွှေကျင်အေးစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုနှင့် ကုန်းပေါ်စုကျေးရွာ ပညာ့အားမာန် စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ဆောက်လုပ်ပြီး စာကြည့်တိုက်များ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ ကလေးငယ်များ စာကြည့်တိုက်ကို အသုံးချတတ်လာစေရေး၊ စာကြည့်တိုက်ရေရှည်ရှင်သန် ခိုင်မာရေးတို့အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**



*✻ ရှေ့ဖုံးမှ*

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာဖြင့် လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

ထို့ပြင် ဘုရားဖူးလာပြည်သူများသည် အံ့မခန်းဗိသုကာလက်ရာများဖြင့် တည်ဆောက်ပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့်အခြား သာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုကြကာ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျတည်ဆောက်ထားရှိသည့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း မိသားစုအလိုက်နှင့် မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့အလိုက် ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်နေကြသည့် မြင်ကွင်းကိုလည်း ကြည်နူးဖွယ်ရာတွေ့မြင်ရသည်။



ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

အလားတူ နေပြည်တော်ရှိ လက်လုပ်တောင်၊ ရွှေနန်းသွင်းစေတီတော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယခတ်ပေါင်းစုစေတီတော်မြတ်ကြီး၊ ဒက္ခိဏသီရိမြို့နယ်ရှိရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့နယ်ရှိ ဖောင်တော်ချက်မစေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိ သတ္တ သတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" သံဝေဇနိယ (၄)ဌာန အပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းကြီးကျောင်းများနှင့် ဓမ္မရိပ်သာများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများ ကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊တရားဘာဝနာပွားများခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှု ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့အတူ ဝါဆိုလပြည့်နေ့သည် အများပြည်သူရုံးပိတ်ရက်လည်းဖြစ်သည့်အတွက် နေပြည်တော်အတွင်း အပန်းဖြေအနားယူရာနေရာများ၌လည်း လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ အနားယူအပန်းဖြေကြသည့် ပြည်သူများဖြင့်လည်း စည်ကားခဲ့သည်။

ဝါဆိုလပြည့်နေ့သည် ဘုရားအလောင်းတော်တုသိတာနတ်ပြည်မှ စုတေကာ လူ့ပြည်၌ ပဋိသန္ဓေတည်သည့်နေ့၊ သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးကိုမြင်၍တောထွက်တော်မူသောနေ့၊ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ခြေရင်း၌ တိတ္ထိတို့ကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ထွန်းသောနေ့၊သံဃာရတနာ စတင်ပေါ်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့နှင့် ဖေဟိဘိက္ခုဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်းစသည့် ထူးကဲမွန်မြတ်လှသည့်ဂုဏ်အင်တို့နှင့် ပြည့်စုံသောနေ့ထူးနေ့မြတ်ဖြစ်ကြောင်း သိရသည်။ **မင်းကျော်စွာ၊ ဓာတ်ပုံ- ဖိုးပြည့်စုံ**

# ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် မန္တလေးမြို့နှင့်အနီးဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိ

မန္တလေး ဇူလိုင် ၉

**ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ဖြစ်သည်နှင့်အညီ ယနေ့တွင် နိုင်ငံတစ်ဝန်းရှိဘုရား၊ စေတီ၊ ပုထိုး များအား ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာပွားများ အားထုတ်ခြင်း၊ ရပ်ကွက်၊ လမ်းများရှိ ဓမ္မာရုံများ၌ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။**



ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ဘုရားဖူးလာသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

## ကုသိုလ်ကောင်းမှုပြု

နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့၏အထင်ကရဖြစ်သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုကြပြီး ဆွမ်း၊ ရေချမ်း၊ ပန်း၊ ကပ်လှူပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်းများအပြင် ဥပုသ်သီတင်း သီလဆောက်တည်၍ တရားဘာဝနာအားထုတ်ခြင်းနှင့် ဘာသာရေး၊ လူမှုရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်တို့ကို အဖွဲ့လိုက်၊ မိသားစုလိုက် ရွတ်ဖတ်ခြင်းများဆောင်ရွက်ကြပြီး ကုသိုလ်ကောင်းမှုပြုကြသည်။

## စည်ကားလျက်ရှိ

အလားတူ မန္တလေးမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် နံနက်အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းလောင်းလှူဒါန်းခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်း စသည့် ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့အတူမန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မန္တလေးမြို့ပေါ် ကျောင်းတိုက်အသီးသီး၌ ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်အရှင်သူမြတ်များအား ရည်မှန်း၍ ပင့်သံဃာ ၂၇ ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) အလှူအဖြစ် ကျင်းပသည်။



ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့ရှိ ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရား၌ ဘုရားဖူးလာသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

ထို့ပြင် မြို့၊ ရွာ၊ ရပ်ကွက်ရှိ ဓမ္မာရုံများတွင် ဝါဆိုသင်္ကန်း၊ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်များက သီလပေးတရားတော်များနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်ခြင်း စသည့် တရားဓမ္မသံများဖြင့်လည်း ထုံမွမ်းလျက်ရှိသည်။

အလားတူ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်တော်၊ ဝေရောစနကျောက်စိမ်းစေတီတော်၊ အောင်တော်မူဘုရားနှင့် အခြားဘုရား၊ စေတီတို့တွင်လည်း လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စေတနာရှင်အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းဒါနပြုကြသည်။

ထို့အတူ မန္တလေးမြို့၏ အထင်ကရနေရာများ ဖြစ်သောကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အပန်းဖြေစခန်းများ၊ အမရပူရမြို့နယ်ရှိ ဦးပိန်တံတား၊ တောင်သမန်မယ်ဇယ်လွှင်ပြင်အပန်းဖြေစခန်းတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ရန်ကုန်မြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

ရန်ကုန် ဇူလိုင် ၉

**ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ရန်ကုန်မြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားများကို ယနေ့ နံနက် ၅ နာရီမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင် ညှော့ခံတန်ဆောင်း၌ကျင်းပရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ဆက်လက်ကျင်းပရာ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည် ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ နတ်ဖြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှမ်း ဂါထာရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှစတင်၍ ရွှေကြာသင်္ကန်း လှည့်လည်ပူဇော်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဝါဆိုရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်ကာ ရင်ပြင်တော်တစ်ပတ် လက်ယာရစ် လှည့်လည်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများက အလှူတော်ငွေများ လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက စေတီတော်ရင်ပြင် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားအား ဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ် အသင်းအဖွဲ့များနှင့် အလှူရှင်များက အာရုံခံတန်ဆောင်းမုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရားများအား ဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် (ဓမ္မစကြာအခါတော်နေ့) ရေစက်ချမင်္ဂလာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဒေါက်တာ ဘဒ္ဒန္တ အဂ္ဂသာမိထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။



ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)၌ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ၌ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိ ဦးဘိုးသင်းက အဖွင့်မင်္ဂလာစကား လျှောက်ထားကာ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ဝါဆိုရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃာ့ဝန်ဆောင် ဘဒ္ဒန္တသုစိတ္တထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဆူးလေစေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၊ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ဆုတောင်းပြည့် မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားနှင့် တိလောကဥသျှောင်မုနိရာဇ အောင်မြေသဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်) တို့၌လည်း သက်ဆိုင်ရာစေတီတော် ဂေါပကအဖွဲ့ဝင်များကြီးမှူး၍ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ပရိတ်တရားတော်နှင့် ရေစက်ချတရားများနာယူခြင်း၊ ဝါတွင်းကာလ သီလခံယူခြင်း စသည်ဖြင့် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားများကို ကျင်းပကြသည်။

ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) တွင် ရွှေတိဂုံစေတီတော် မြတ်ကြီးနှင့် ရန်ကုန်မြို့ရှိ ဘုရားစေတီပုထိုး၌ ပြည်တွင်း/ပြည်ပ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုကြကာ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်ခြင်း၊ တရားနာယူခြင်း၊ တန်ဆောင်းများ၌ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်းနှင့် အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းမှုများဖြင့် အထူးစည်ကား များပြားလျက်ရှိကြောင်း တွေ့မြင်ရသည်။

ဇော်မင်းလတ်-MNA

# ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ ကောင်းမှုကုသိုလ်များပြုလုပ်

**နေပြည်တော် ဇူလိုင် ၉**

ဝါဆိုလပြည့်နေ့သည် သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာဟူသော ထူးမြတ်သည့် ဂုဏ်ဒြပ်လေးရပ်အပြင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်ကြောင်း ဝန်ခံသောနေ့ဖြစ်ခြင်း၊ တရားရတနာ စတင်ပေါ်ပေါက်လာသောနေ့ဖြစ်ခြင်း၊ သံဃာရတနာ စတင်ပေါ်ပေါက်လာသော နေ့ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသော နေ့ဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ ဟောဘိက္ခုဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်း စသည်ဖြင့် ထူးခြားဂုဏ်ဒြပ် ကိုးရပ်တို့နှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။

**ကုသိုလ်ယူသူများစည်ကား**

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ကုသိုလ်ဒါန သီလပွားများခြင်း၊ စတုဒိသာအလှူများ ပေးလှူခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီး ကျောင်းများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော် ကြည်ညိုကုသိုလ်ယူကြသူများနှင့် စည်ကားလျက်ရှိသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။



ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

သတင်းစဉ်

# ဝါဆိုစဉ် စာအလင်္ကာများ

မောင်လူမွှေး (မြန်မာမှု)

**ဝါဆိုလနှင့် မြန်မာ့ယဉ်ကျေးမှုသည် လက်ခုပ် လက်ဝါး တစ်သားတည်းဆိုသကဲ့သို့ ရှိပါသည်။ လောကနီတိစာပေများတွင် “လ” တကာတွင် နက္ခတ်စုံသော တန်ဆောင်မုန်းလသည် အမြတ်ဆုံးဟု ဖော်ညွှန်းထားပါသည်။ ဤသို့ အဆိုရှိသလို မြန်မာမှုနှင့်ယှဉ်လျှင်လည်း ဝါဆိုလသည် အခြားလများထက် ထူးခြားသည်ဟု ဆိုချင်ပါသည်။**

မြန်မာ့ပြက္ခဒိန်အစီအရင်တွင် သင်္ကြန်တွက်ရိုး၊ နေကြတ်၊ လကြတ်၊ ဝါထပ်၊ ရက်ငင်၊ အဓိမာသ်ပြို/မပြို စသည်ပြက္ခဒိန်ဆိုင်ရာ အကြောင်းအရာများသည် ဝါဆိုလ၏ လပြည့်၊ လကွယ်နေ့ရက်များကို အဓိကထား တွက်ကိန်းဆင် အပေါထုတ်ရပေသည်။ ရှေးမြန်မာမင်းများလက်ထက် လွှတ်တော်မှ ပြန်တမ်းထုတ်ရပါသည်။ ယနေ့တိုင်လည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်နေဆဲဖြစ်ပါသည်။

ရှေးမြန်မာဘုရင်များနှင့် သာသနာပိုင်ဆရာတော်များ အစဉ်အဆက် သက္ကရာဇ်ဖြို့ခြင်း၊ ဝါထပ် ရက်ငင် ညှိခြင်း စသည့်ဆုံးဖြတ်ချက်အယူအဆ သမိုင်းစဉ်ဖြစ်ရပ်များသည် ဝါဆိုလကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော နိဒါန်းများဖြစ်သည်။ (ပထမ မောင်းထောင်သာသနာပိုင် နှင့် ဗဒုံမင်း စသည်... ကုန်းဘောင်ခေတ်)

ပြက္ခဒိန်အစီအရင်တွင် ပထမ ဝါဆို၊ ဒုတိယ ဝါဆိုနှင့် ရက်ငင်/မငင်၊ သုဒ္ဓဒိန်ဖြစ်/မဖြစ် ဆုံးဖြတ်ချက်များသည် ဝိနည်းဆိုင်ရာ အဆုံးအဖြတ်များနှင့် စပ်ဆက်နေသည်။

သံဃာတော်များအနေဖြင့်လည်း ပုရိမဝါဆိုခြင်း (ပထမဝါဆို)၊ ပစ္ဆိမဝါဆိုခြင်း (ဒုတိယဝါဆို)၊ ကထိန် အာနိသင်ရ/မရ စသည် အကြောင်းအရာများသည် ဝိနည်းအဆုံးအဖြတ်များနှင့် စပ်ဆက်နေပေသည်။

ဝါဆိုအမည် ဝေါဟာရသည် ပုဂံခေတ်ဦးတွင် မြွယ်တာလ – နွယ်တာလ (မြေတိုင်းသောလ) ဟု ကျောက်စာ၊ မင်စာများတွင် တွေ့ရပါသည်။

ဗုဒ္ဓဘာသာ သာသနာ အလွှန်အားကောင်းလာသောအခါ မူလပေါရာဏဖြစ်သော မြွယ်တာလ– နွယ်တာလ ဝေါဟာရစသည်များသည် တဖြည်းဖြည်း ကွယ်ပျောက်ပြီး ဗုဒ္ဓဘာသာကို အခြေခံသော ဝေါဟာရများ ဖြစ်လာကြသည့်အနက် ဤ “ဝါဆို” ဝေါဟာရသည် ရဟန်းသံဃာတော်များ ဝါဆို ဝါကပ် ပြုမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဝေါဟာရသာဖြစ်လာသည်။ ဝါဆိုဝေါဟာရ အသုံးများ ထွန်းကားလာသလို ဝါဆိုနှင့်ပတ်သက်သော စာပေများ ရုပ်လုံး ရုပ်ကြွ ပန်းချီအနုပညာများသည်လည်း ၁၂ လရာသီ အနုပညာများနှင့်အတူ ပေါ်ပေါက်လာခဲ့ပေသည်။

ပုဂံခေတ် ဘုရားပုထိုး ဂူကျောင်းပြာသာဒ် အရပ်ရပ်တွင် ရှိကြသော ၁၂ လရာသီ ပွဲတော်ဆိုင်ရာ အနုပညာများနှင့် ဘာသာရေးဆိုင်ရာ ပုံတော်စုံများ အသီးသီးရှိကြသည့်အနက် ပုဂံခေတ်တွင် တည်ဆောက်ခဲ့သော ဥပါလိသိမ်တွင် တွေ့ရသည့် ဗုဒ္ဓဝါဆိုစဉ် နံရံဆေးရေးပုံတော်မှာ အလွှန်လက်ရာမြောက်၍ ထိုခေတ်ထိုကာလ ဝတ်စားဆင်ယင်မှုများကို ဗဟုသုတအနေဖြင့် မှတ်သားဖွယ်ရာတွေ့နိုင်ပါသည်။ (ကုန်းဘောင်ခေတ်ထပ်ရေး ပန်းချီ ဖြစ်ပါသည်။)

ပုဂံခေတ်မှသည် ခေတ်အဆက်ဆက် ဒေသအသီးသီးတွင် ဖော်ဆောင်ခဲ့ကြသော ရုပ်လုံး ရုပ်ကြွများရှိသလို စာပေဆိုင်ရာများအနေဖြင့်လည်း အသီးသီးရှိကြပါသည်။ အထူးသဖြင့် ပိဋကတ်စာပေတွင် ဝိနည်းဆိုင်ရာ အဖွင့်များပင်ဖြစ်သည်။ သို့သော် ထိုဝိနည်း အဆုံးအဖြတ် အကြောင်းအရာများကို အများစု နားမလည်နိုင်ပေ။ ဝါဆိုစဉ် ဘုရားရှိခိုးနှင့် စာအလင်္ကာများမှာမူ အများနားလည်နိုင်သော စာပေများ ဖြစ်ပါသည်။ ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာ ရုပ်လုံး၊ ရုပ်ကြွပန်းချီကား၊ ပြက္ခဒိန်အဖုံး စသည်တို့တွင် ဗုဒ္ဓဘုရားရှင် ဆယ်ဝါမြောက် ပလလဲတောသို့ ဝါဆိုစဉ် မျောက်နှင့် ဆင်က အခြံအရံ အလုပ်အကျွေးပြုပုံကို အခါအားလျော်စွာ တွေ့ဖူးကြပါလိမ့်မည်။ ဤသို့သောအခန်းကို မည်သို့ မည်ပုံ ရေးဆွဲသင့်သည်၊ ရေးဆွဲရမည်ကို စွယ်စုံကျော်ထင် ကျမ်းတွင် တွေ့နိုင်သည်။

ကြည့်ကန်ရှင်ကြီးမေး၍ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ဖြေဆိုသော စွယ်စုံ ကျော်ထင် ကျမ်းလာ ပုစ္ဆာအမှတ်–၅၀၀ ၌ “ပလလဲစပ်၊ တောမြိုင်ရပ်၊ ဝါကပ်ကျောင်းတော် ရှိလိမ့်နည်း” ဟူသော အမေးကို ဗုဒ္ဓဝင်ဆိုင်ရာ အပဒါန်အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာများကို ကျမ်းကိုးပြု၍ “ဝါကပ်ရာကျောင်းသင်္ခမ်းမရှိ” ဟု ဖြေဆိုထားလေသည်။

ထို့ကြောင့် အချို့ ပလလဲတော ဝါဆိုစဉ်တွင် ကျောင်းသင်္ခမ်းပုံနှင့် ထည့်သွင်းသရုပ်ဖော်ထားသည်ကို ကျမ်းဂန်နှင့် ကွဲလွဲနေသည်ကို အလွယ်တကူသိနိုင်လေသည်။ ဤသည်မှာ ဗဟုသုတဆိုင်ရာ တစ်စိတ်တစ်ဒေသဖော်ပြခြင်း ဖြစ်ပါသည်။ အဓိကဖော်ပြလိုချက်မှာ ဗုဒ္ဓဝါစဉ် စာအလင်္ကာများသာ ဖြစ်ပါသည်။

> **“ ဗုဒ္ဓဘာသာ သာသနာ အလွှန်အားကောင်းလာသောအခါ မူလပေါရာဏဖြစ်သော မြွယ်တာလ- နွယ်တာလ ဝေါဟာရ စသည်များသည် တဖြည်းဖြည်းကွယ်ပျောက်ပြီး ဗုဒ္ဓဘာသာကို အခြေခံသော ဝေါဟာရများ ဖြစ်လာကြသည့်အနက် ဤ “ဝါဆို” ဝေါဟာရသည် ရဟန်းသံဃာတော်များ ဝါဆို ဝါကပ် ပြုမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဝေါဟာရသာ ဖြစ်လာသည်။ ဝါဆိုဝေါဟာရအသုံးများ ထွန်းကားလာသလို ဝါဆိုနှင့်ပတ်သက်သော စာပေများ ရုပ်လုံးရုပ်ကြွ ပန်းချီအနုပညာများသည်လည်း ၁၂ လရာသီ အနုပညာများနှင့်အတူ ပေါ်ပေါက်လာခဲ့ပေသည် ”**

တစ်ခါသော် ဘုရားကိုးဆူ ပူဇော်ပွဲတစ်ခုတွင် ဗုဒ္ဓမြတ်စွာ ပလလဲတောတွင် ဝါဆိုစဉ် သီတင်းကျွတ်၍ ရှင်အာနန္ဒာပြန်ပင့်သော အခန်း၌ ပလလဲဆင်မင်း ဝမ်းနည်းသော (ရင်ကွဲနာကျ) အခန်းကို ဘုရားကိုးဆူ ဆရာက အသံနေအသံထား အနိမ့်အမြင့် အဆွဲအငင် အတင်အချပြုပြီး ကြေးစည်သံနောင်ဝေဝေဖြင့် နံနက်အရုဏ်တက် ရွတ်ဖတ်ရာ အလွှန်ကြည်နူးပြီး စိတ်ကူးဖြင့် ကွက်ကွက်ကွင်းကွင်း မြင်ကွင်းပန်းချီ ထင်ဟပ်ခဲ့ဖူးပါသည်။

ထိုမှစတင်၍ ဝါဆိုစဉ် စာပေအလင်္ကာကို စိတ်ဝင်စားလာရာ ဝါဆိုနှင့်ပတ်သက်၍ စာဆိုပညာရှင်အသီးသီး၏ ဝါဆိုစဉ် အလင်္ကာအမျိုးမျိုးကို စုဆောင်းခဲ့ပါသည်။ ဝါဆိုစဉ် စာပေကို ရှေးပညာရှင်များ ရေးဖွဲ့ခဲ့ရာ၌ ကျမ်းတစ်စောင်ပေတစ်ဖွဲ့ မဟုတ်ဘဲ၊ ပကိဏ္ဏက(ပြိုးပြွမ်း) စာစုအနေဖြင့်သာ တွေ့ရသည်။ ဥပမာ – ဆရာတော်ဦးဗုဓ် စာစုစာရင်း၊ မုံရွေးဇေတဝန် ဆရာတော်၏ စာစုစာရင်း စသည်ထဲတွင် ကြားညှပ်ပါသော စာများသာဖြစ်သည်။

အခြားဝါဆိုစဉ် စာအလင်္ကာများမှာလည်း ထိုနည်းတူကျမ်းစာ အကြောင်းအရာထဲမှ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်ပါသည်။ ထိုအကြောင်းအရာ (ဝါဆိုစဉ်) များကို စာဆိုများ၏ သက္ကရာဇ်စဉ်ဖြင့် ဖော်ပြပါမည်။

ဝါဆိုစဉ် စာအလင်္ကာများ ရေးဖွဲ့ကြသည့် စာဆိုကြီးများအနက် ရှေးအကျဆုံး ရေးဖွဲ့ခဲ့သူမှာ လောကနီတိကျမ်းပြုပညာရှင် စတုရင်္ဂဗလ အမတ်ကြီး (၆၇၅–၇၂၅ ခန့်) ဖြစ်ပါသည်။ ရှေးအကျဆုံးတွေ့ရသော စာပေဖြစ်ပါသည်။ ဂါထာ ၇ ပိုဒ်ရှိသည်။ ပါဠိနိဿယရေးဖွဲ့မှုမျိုးဖြစ်သည်။

လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ပထမဝါကို သုံးလပတ်လုံး ဣသိပတနရသေ့ပဉ္စဝဂ္ဂီတို့ သက်ကျရာဖြစ်သော မိဂဒါဝုန်တော၌ ဝါကပ်တော်မူသည်မှ စတင်၍ လေးဆယ့်လေးဝါမြောက်ပြီး နောက်ဆုံး လေးဆယ့်ငါးဝါကို ဝေဠုဝရွာတွင် သီတင်းသုံး ဝါဆိုတော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏ဟု ရေးဖွဲ့ထားခြင်း ဖြစ်လေသည်။

ဒုတိယတွေ့ရသော ရေးဖွဲ့သူမှာ စိန္တကျော်သူဦးဩ (၁၀၉၈–၁၁၃၃) ဖြစ်သည်။ စိန္တကျော်သူဦးဩမှာ ကုန်းဘောင်ခေတ်တွင် စာပေပညာရှင်ကြီးဟု အလွှန်ထင်ရှားခဲ့သော တွင်းသင်းတိုက်ဝန် မဟာစည်သူ (၁၀၈၈–၁၁၆၈) ၏ တူတော်ဖြစ်ပေသည်။ ရေးဖွဲ့ထားသော စာအလင်္ကာအမျိုးအစားမှာ ရကန်အမျိုးအစားဖြစ်ပါသည်။ ရကန်စာပေမှာ တစ်ဦးတစ်ယောက်၏အဆိုကို အကျောက်အကန် လုပ်၍လည်းကောင်း သရော်၍လည်းကောင်း ရေးဖွဲ့ကြသော စာပေအမျိုးအစားဖြစ်သည်။

သူရေးဖွဲ့သော ရကန်တွင်––– လောကသုံးဦး ခေါင်မှန်ဖူး၏ ကျေးဇူးစာ၊ ရှေးကဆိုဟန် အတန်တန်သည် ရကန်ရတုမှာပင်၊ ကျမ်းနှင့်စာညီလာဘဲ ဘီးကို–ရှင်မှာမတင်သာသည် တောင်ယာနှင့်ခန္ဓွသို့၊ အလွဲလွဲအချွတ်ချွတ် ပညာနည်းသူ ထိုအောက်လူတို့ အယူဝါဒ လွတ်ချိမ့်၊ ရှေးစာချွတ်လည်း တည့်မတ်အောင် အာဇာနည်လူ့ ယှဉ်မပြုသည် ငါ့တူမင်းရွှေတောင်က၊ ယဉ်လှအောင်စပ်ဆိုဘိ လင်္ကာပုဒ်တွင် သာရအင်နှင့် ရှင်ပင်မိန့်တော်ရှိ၍၊ စံကဝိလူပုဂ္ဂိုလ် နိဂုံးနှင့်တကွ ပဉ္စမကို ပဒပြည့်အောင်ဆိုရှင့်၊ ရကန်ချိုပေါ်သစ်စ ကျမ်းနှင့်ညီအောင် နိဒါန်းဆောင်သည် ရွှေတောင် ဂါမော်ကတည်းလေး...။

စာဆိုဦးဩ၏ ဆိုလိုချက်မှာ ဝါဆိုစဉ်နှင့် ပတ်သက်၍ ရှေးပုဂ္ဂိုလ်များ ရေးဖွဲ့ခဲ့ကြသည့် စာပေများရှိပေသည်။ သို့သော် ပိဋကတ်ကျမ်းစာနှင့်မညီကိုရင်ရှင်သာမဏေနှင့်ဘီး၊ တောင်ယာနှင့် ခန္ဓွ အဆီအငေါ်မတည့်သလို အလွဲလွဲ အချော်ချော်ဖြစ်သည်။ ဤသို့သောစာပေမျိုးကို ကျမ်းနှင့်ညီအောင်ညှို၍ တူတော်မောင်က ရေးစပ်ပါဟု ဦးလေး တွင်းသင်းမင်းကြီးဦးထွန်းညိုက တိုက်တွန်း၍ ဤစာကို ကျမ်းနှင့်အညီ ရေးလိုက်သည်။

ဝါဆိုစဉ်နှင့်ပတ်သက်လျှင် မိမိသည် စံပြုလောက်သည့် ပညာရှိကဝိဖြစ်သည်ဟု ကြွားကြွားဝင့်ဝင့် ရကန်ပီပီ ရေးသားထားခြင်းဖြစ်သည်။ စတုရင်္ဂဗလအမတ်ကြီးနှင့် စိန္တကျော်သူဦးဩတို့၏ ခေတ်ကိုချင့်တွက်ပါက နှစ်ပေါင်း ၄၀၀–၄၅၀ ခန့် ကွာဝေးပေသည်။ ကြားကာလတွင် မြန်မာ့သမိုင်း၌ ထင်ရှားခဲ့သော စာပေပညာရှင်ကြီးများ၊ စာဆိုကြီးများ များစွာပင်ရှိခဲ့ပေသည်။

ထိုပုဂ္ဂိုလ်ကြီးများအနက် အချို့သောစာဆိုပုဂ္ဂိုလ်တို့သည် ဝါဆိုစဉ်နှင့်ပတ်သက်၍ ရေးခဲ့တန်ရာ၏။ ထိုစာပေမျိုးများကို ရှာဖွေစုဆောင်းဆဲ၊ သုတေသနပြုဆဲ ဖြစ်ပါသည်။။ စာဆိုစိန္တကျော်သူဦးဩ၏ ဤရကန်ကိုသာလျှင် စာအလင်္ကာနှင့် တွေ့ရပေသည်။ ရကန်ပိုဒ်ရေ ၅ ပိုဒ် ရေးထားသည်။ အလွှန်စိတ်ဝင်စားဖွယ်ရာ ဖြစ်ပါသည်။

တတိယတွေ့ရသောဝါဆိုစဉ် စာအလင်္ကာမှာ မုံရွေးဇေတဝန်ဆရာတော်(၁၁၂၈–၁၁၉၀) ဖြစ်သည်။ လင်္ကာအရေးအသားဖြစ်သည်။ မုံရွေးရှင်သီရိမာလာ။ (နောင်သော်– လှေသင်းအတွင်းဝန် ဦးချိန်) မေးမြန်းချက်။ ဗုဒ္ဓဝါဆိုစဉ် အကြောင်းအရာကို လင်္ကာသွားဖြင့် ရေးသားထားခြင်း ဖြစ်ပါသည်။ ပိဋကတ်တော်ဆိုင်ရာ ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဝဇီရဗုဒ္ဓိဋီကာ၊ သုတ်မဟာဝါ၊ ပရိနိဗ္ဗာနသုတ်၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာ စသည့် ပိဋကတ်တော်ဆိုင်ရာ အထောက်အထားများနှင့် ညှိနှိုင်း၍ ဖြေဆိုကြောင်း ပုစ္ဆာနံပါတ် (၁၆၄) တွင် ဖြေဆို၍ “တက်ထွန်းကျက်သရေ၊ သုံးလူ့ဆွေကား၊ အောင်မြေသီရိ၊ ဗောဓိသမီပ၊ ရပ်ဌာန၌၊ နှစ်လမှန်ကယ်၊ ရက်ခြောက်ဆယ်ဖြင့်၊ သပ္ပာယ်မျှတ၊ နေပြီမှလျှင်၊ ပထမဝါ၊ ဗာရာဏသီ၊ မြိုင်တောမို၏” စသည်ဖြင့် အကျယ်တဝင့် ရေးထားပေသည်။

မုံရွေးဇေတဝန်ဆရာတော်ပင်လျှင် ရေးစပ်သည်ဟု မုံရွေးဇေတဝန် ဆရာတော်၏ စာစုစာရင်းတွင် တွေ့ရသော ဝါဆိုစဉ်ဘွဲ့ဘုရားရှိခိုးကိုလည်း တွေ့ရပေသည်။ “မိဂဒါခေါ်၊ တောရပ် ကျော်ဝယ်၊ ဝါတော်ပထမ၊ ကပ်ချဉ်းစ၏၊ ဒုတိယ တတိယာ၊ ခါစတုတ္ထ၊ ရောက်ကာလ၌၊ ရာဇဂဟော၊ တောင်ခြေဝန်းပတ်၊ မြို့မြတ်အပါး၊ ဝါးအလိမ်လိမ်၊ တိမ်ညိုကဲ့သို့၊ စို့သက်တင်ရွက်၊ မြဖူးခက်နှင့်၊ ရှဉ့်နက်တို့အား၊ ရှေးမင်းဖျားတို့၊ အစားအသောက်၊ ချီးမြှောက်တန်ကျွေး၊ ပေးရာကမ်းရာ၊ ဥယျာဉ်သာ၌၊ ရတနာစီမံ၊ ဝေဠုဝန်တွင်၊ ငါးတန်ကိစ္စ၊ နေ့ညမလပ်၊ ဝါတော်ကပ်၏။”

ဆရာတော်၏ ဝါဆိုစဉ်တွင် ဆယ်ဝါမြောက် ပလလဲတောတွင် ဝါဆိုတော်မူကြောင်းကို ...သုညာဇော၊ ရောက်ကာလသော်၊ ဖော်ကဖဲခွာ၊ ကိုယ်ထီးသာလျှင်၊ နေရာကောင်းမည်၊ ကြံအစည်နှင့်၊ အရှည်မျှော်ထောက်၊ တစ်ယောက်ထည်းထည်း၊ ကုသိုလ်ဆည်းသည်၊ ပလလည်း မည်တွင်၊ ဆင်၏ ပျော်ရာ၊ မြိုင်သာဂီရိ၊ ရက္ခိတတော၊ မြတ်ခြေကြော၌၊ အံ့ဩလေအောင်၊ ဆောင်သည်မယွင်း၊ ပင်ရင်းပင်ဖျား၊ ဖားတဝေဝေ၊ ဝတ်မှုန်တွေနှင့်၊ ရွှေအရောင်ဝ၊ အရှိန်ထသည်၊ ဘဒ္ဒသာလ၊ နာမသန့်ရှင်း၊ နတ်တလင်းသို့၊ အင်ကြင်းပင်သွယ်၊ တောမြိုင်လယ်မှာ၊ ညာဘယ်ဝဲယာ၊ သံဃာမရုံ၊ ကိုယ်တည်းစံ၍၊ သံတိန်တရှိန်း၊ ဝါဆိုမှိန်းသည်၊ တွက်ကိန်းဆယ့်နှစ် ရောက်ဆဲတည်း။

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

စတုတ္ထမြောက်တွေ့ရသော စာမှာ ဆရာတော် ဦးဗုဓ် (၁၁၄၉-၁၂၀၄) ရေးဖွဲ့သော ဝါဆိုစဉ် ဖြစ်သည်။ ပါဠိ ၅-ဂါထာဖြင့် ရေးထားသည့် နိဿယနှင့် ပြန်ဆိုထားခြင်းဖြစ်သည်။ နိဂုံးတွင်- … တတ္ထ တတ္ထ၊ ထိုထိုပြည်ရွာ၌ လေးဆယ့်ငါးဝါတို့ ပတ်လုံး။ ဝသန္တော၊ ဝါကပ်ဆို တော်မူလျက်။ လောက ဟိတာဝဟံ၊ လူတို့၏ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးစီးပွားကို ရွက်ဆောင်တော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဟု ရေးသားထားသည်ကို တွေ့ရှိရပါသည်။ နိဿယ စာသွားတွင် ကာရံကိုက်အညွန့်များမပါရှိဘဲ ရိုးရိုး ပြန်ဆိုထားသည်ကိုသာ တွေ့ရပါသည်။

ပဉ္စမမြောက်တွေ့ရသောစာမှာ ဒုတိယ မောင်းထောင်ဆရာတော် (၁၁၆၁-၁၂၂၇) ၏ ဝါသ မာလိနီ ကျမ်းခေါ် ဗုဒ္ဓဝန္ဒနာမဟာပဏာမကြီး ဝါဆိုစဉ်ဘုရားရှိခိုး ပါဠိဂါထာ နိဿယပြန် စာပေဖြစ်သည်။ ဂါထာ ပေါင်းပုဒ်ရေ (ခြောက်ဆယ်) ဆုတောင်း (နှစ်ဂါထာ) နိဂုံးဂါထာ (လေးပုဒ်) စပ်ထားလေသည်။

ဤစာအလင်္ကာကို ရေးသောကာလသည် ပုဂံမင်းနှင့် ညီတော် မင်းတုန်းမင်း၊ ကနောင်မင်းတို့ စစ်ခင်းတိုက်ခိုက်မှုကြောင့် မတ္တရာမြို့သို့ စစ်ရှောင်ရင်း အိုးထိမ်းသည် ရွာငယ်တွင် သီတင်းသုံးနေစဉ် ရေးဖွဲ့တော်မူသော စာအလင်္ကာဖြစ်ပါသည်။

ဤဝါသမာလိနီကျမ်းကို မင်းကွန်းတိပိဋကဆရာတော်ကြီးက ထေရ်ရဝါဒလွှမ်းမိုးသော သီဟိုဠ်နိုင်ငံတွင်ပင် မတွေ့နိုင်သော ပါဠိစာပေအရေးအသားဖြစ်ကြောင်း၊ ဂါထာအရေးအသားတွင် အံ့သြဖွယ်ရာ စံတင်စရာမှုတစ်ခုဖြစ်ကြောင်းကို မိန့်ဆိုခဲ့ဖူးသည်။ ပါဠိစာအရေးအသားတွင် ဆန်းဂိုဏ်းအလင်္ကာနှင့်အညီ တနူမဇ္ဈာဂါထာ၊ ကုမာရလလိတာဂါထာ၊ စိတ္တရပဒါဂါထာ၊ မာနဝကဂါထာ၊ မတ္တာဂါထာ စသည်ဖြင့် ဂါထာအမျိုးအစားများကိုလည်း ညွှန်းထားလေသည်။

မြန်မာလို ဥပမာပေးရပါက ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ လေးဆစ်၊ သဖြန်၊ တေးထပ်၊ ရှစ်ဆယ်ပေါ် တေးထပ်၊ လူးတား၊ လွမ်းချင်း၊ အဲချင်း စသည့် ရေးဖွဲ့မှုမျိုးကဲ့သို့ ဝါဆိုစဉ်၊ (လေးဆယ့်ငါးဝါ) ကို အဆင့်ဆင့် ရေးဖွဲ့ထားလေသည်။

စာဆိုဆရာတော်၏ ဆုတောင်းနှင့်နိဂုံးသည် အလွန်ထူးခြားလှပေ၏ ကုန်းဘောင်ခေတ်နှောင်း၏ သမိုင်းအချိုးအကွေ့တစ်ခုကိုလည်း ပြထားလေသည်။ ရှေးစာဆိုတို့၏ ဆုတောင်းများသည် လေ့လာဖွယ်၊ မှတ်သားဖွယ်၊ ကျင့်သုံးဖွယ်များရှိကြရာ ဆရာတော်၏ စာသည်လည်း ထို့အတူပင် ဖြစ်ပေသည်။

ဆဋ္ဌမမြောက်တွေ့ရှိရသော ဝါဆိုစဉ် စာအလင်္ကာမှာ ကျီးသဲလေးထပ်ဆရာတော် (၁၁၇၉-၁၂၅၇) ၏ ဇိနတ္ထပကာသနီကျမ်းပါသော ဝါဆိုစဉ် အကြောင်းအရာဖြစ်သည်။ အဋ္ဌကထာပါဒ်များကိုလည်း ညွှန်းဆိုထားပေသည်။ လင်္ကာမှာတိုသလောက် အနက်အဓိပ္ပာယ်သက်ရောက်မှု ရှိလှပေသည်။ … ဒွါတိဇယ၊ ရာဇဂဟံ၊ ဝေဠုဝန်ပျော်၊ ငါးသော် ဝေသာလီ၊ လဿဝိဝိဟာ၊ ဆဝါမကုလ၊ သတ္တမဝတီး သာ++++ ဤလူ့သက္ကရာဇ်၊ အဌ်ဇောဇက်၌၊ နှစ်သစ်ကဆုန်၊ ပုဏ္ဏမီစေ့၊ အင်္ဂါနေ့တွင်၊ နိဗ္ဗာန်ဝင်သား +++++ အကျဉ်းချုပ်သံခိပ်အနေဖြင့် ရေးထားလေသည်။ ဘုရားရှိခိုးရုံမျှသာဖြစ်သည်။ ဆုတောင်းခြင်း မပါပေ။

သတ္တမမြောက်တွေ့ရှိရသည်မှာ တောင်ခွင် သာသနာပိုင်ဆရာတော် ဉာဏ်ဝိသုဒ္ဓသီလာစာရ (၁၂၀၆-၁၂၈၇) ဖြစ်သည်။ ဆရာတော်မှာ သီပေါမင်းသား၊ ရနောင်မောင်မောင်တုတ်၊ ရစ်ပလေ (နှောင်သော် ဟံသာဝတီပုံနှိပ်တိုက် တည်ထောင်သူ) တို့နှင့် ကျောင်းနေဖက်ဖြစ်သည်။ ဆရာတော်က အနည်းငယ်ကြီးသည်။ သက်ကြီးပိုင်းတွင် ကင်းဝန်မင်းကြီး ဦးကောင်း၊ ဝက်မစွတ် နဝဒေး၊ ပုဂံဝန်ထောက် ဦးတင် စသည့် ပုဂ္ဂိုလ်များ၏အမေးကို ဖြေဆိုရာဖြစ်သော ပညာဗျာကရဏ ဝိနိစ္ဆယ တို့ဖြင့် ထက်ဝန်းကျင်ပြည့်သော ဂုဋ္ဌတ္ထဝိနိစ္ဆယကျမ်းကြီးတွင် ပါဝင်သော ဝါဆိုစဉ် အကြောင်းအရာဖြစ်သည်။ စကားပြေနှင့်ဖြေဆိုထားပြီး လင်္ကာဖြင့်ပါ ထပ်ဖြည့်ထားလေသည်။ ထိုသို့ ရေးသားရာ၌ ကြိုးကြားကြိုးကြားတွင် ကာရံများကိုငဲ့၍ အချက်အလက်များကိုဖြည့်ကာ +++++ …ဝါလေးဆယ်ငါး၊ သက်ကားရှစ်ဆယ်၊ လုံးပြည့်ကယ်မူ၊ ပြုဘွယ်ငါးပါး၊ ဘုရားကိစ္စ၊ ဟူသမျှကို၊ တစ်စမကြွင်း၊ ပြီးစေလျင်းမှ၊ ကဆုန်လ၌၊ မလ္လတိုင်းပြည်၊ ပြည်ကုသိနာ၊ လက်ယာဒွါရ၊ အပထွက်၍၊ နောက်အကွေ့ဝယ်၊ ပျော်မွေ့စံရာ၊ မင်းမလ္လာတို့၊ ရိပ်သာပြန့်ပြော၊ အင်ကြင်းတော၌၊ ရမိုက်ငါးဖြာ၊ ခန္ဓာဟူသည်၊ သွားစည်အလေ့၊ ညစ်ကြေးမလိမ်း၊ ကင်းကွာငြိမ်း၏ဟု ဖွဲ့ဆိုထားပါသည်။

အဋ္ဌမမြောက်တွေ့ရသော ဝါဆိုစဉ်စာအလင်္ကာမှာ မြန်မာ့စာပေသမိုင်းရေးတွင် ထီးသုဉ်း နန်းသုဉ်း၊ မြို့သုဉ်း သုည၊ သုဉ်း သုံးဝဖြင့် သုဉ်းနှစ်ရလစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တတွေသည်၊ သေသော်မှတည့်၊ ဩော်- ကောင်း၏… ဟူသော စာအလင်္ကာကို ကင်းဝန်မင်းကြီးသို့ ရေးပို့ခဲ့သော ဆီးဘန်းနီဆရာတော် ဖြစ်လေသည်။ သူ၏ ကဝိမဏ္ဍနမေဒနီကျမ်းအဖွင့်တွင် ဝန္ဒနာဂါထာဖြင့် ရေးဖွဲ့ထားလေသည်။ ဂါထာပါဒ် နိဿယအရေးဖြစ်ပေသည်။ နှစ်ဆယ့်သုံး (၂၃) ဂါထာရှိပေသည်။ နိဿယစာပိုဒ်တိုင်းတွင် အောက်ခြေမှတ်ချက်ပေး၍ ဂါထာအမျိုးအစားနှင့် ရှေးဆရာတော်ကြီးများ၏ အဆိုအမိန့်များကိုပါ ရည်ညွှန်းထားလေသည်။

နဝမမြောက်တွေ့ရသော ဝါဆိုစဉ်စာမှာ ကဗျာ့ကဝိ ကဗျာ့ဝိဒူ၊ မကာရလောပအကျော် မန်လည်ဆရာတော်ဘုရား (၁၂၁၃-၁၂၈၂) ၏ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၏ နိဂုံးပိုင်းပိုဒ်ရေ (၅၇၃) တွင် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဆရာတော်၏ ထိုဝါဆိုစဉ်အကြောင်းအရာ အချက်အလက်ချိတ်ဆက်မှု ဂုဏ်၊ ရသ၊ အလင်္ကာများကို ညွှန်းဆိုနိုင်ခြင်းငှာ မစွမ်းသာပါ။ ရွှေဖလားကို အနားမကွပ်ဝံ့ဟုလည်း ဆိုချင်ပါ၏။ ဤမျှအထိ ကောင်းလွန်းလှပါသည်။

ဘုရားရှိခိုးမဟုတ်၍ ရှိခိုးပါ၏ဟူသော အသုံးလည်းမပါ။ ဆုတောင်းခြင်းလည်းမပါပေ။ သာသနာ့သမိုင်းစဉ်နိဒါန်းအနေနှင့် (သာသနာ့သန္တိကေနိဒါန်း) အနေဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။

ဒသမမြောက်တွေ့ရသော စာပေမှာ ဘိုကလေးဦးသက်ရှည်(၁၂၃၇-၁၃၁၆) ဖြစ်သည်။ ဘိုကလေးဦးသက်ရှည်သည် လန်ဒန်အတ်၊ မဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ လန်ဒန် အတ်ရုပ်ရှင်ဒါရိုက်တာအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံသို့ ကိုယ်တိုင်သွား၍ ဗုဒ္ဓဝါဆိုတော်မူရာ၊ နေရာဌာနအသီးသီးသို့ သွားရောက်ပြီး နေရာတော်အလိုက် ဥပမာ- ဒုတိယ၊ တတိယ၊ စတုတ္ထမြောက်ဝါတို့ကို ဝေဠုဝန်ကျောင်းတော် (၁၃ ဝါ၊ ၁၈ ဝါ၊ ၁၉ ဝါ) မြောက်တို့ကို ဇာလီယတောင်၊ ကောသမ္ဗီ၊ သိဃ်းသနဂိုရ်၊ မကုလတောင်၊ ပလလဲတော၊ နိဂြောဓာရုံစသည့် ဝါဆိုရာနေရာတော်များကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုသို့ရေးသောအခါမှာ လေးချိုး၊ တေးထပ်၊ ကေပိုဒ်ရတု စသည်ဖြင့် ရေးသားထားလေသည်။ ထိုသို့ရေးသည့်အပြင် ရုပ်ရှင်လည်းရိုက်ခဲ့ကြောင်း၊ ရုပ်ရှင်မှာ "ဝါတော်စဉ်" အမည်ဖြင့် ပြသခဲ့ကြောင်း သိရှိရပါသည်။

အမည်မသိစာဆို ရေးစပ်သည့် ဘုရားကိုးဆူ ဆွမ်းတော်ကပ်ဝါဆိုဆိုစဉ် ဘုရားရှိခိုးအမွှမ်းကိုလည်း တွေ့ရပါသည်။ ဘုရားကိုးဆူဆွမ်းကပ်ဆို၍ ကုန်းဘောင်ခေတ်ဦးကပင် ရှိခဲ့ရာ၏ဟု သုံးသပ်နိုင်ပါသည်။ အလောင်းဘုရား ဦးအောင်ဇေယျ ယိုးဒယားကို အောင်နိုင်ပြီး ယိုးဒယားယဉ်ကျေးမှုများနှင့် ဆက်စပ်လာရာ ဘုရားကိုးဆူဆွမ်းကပ် ယဉ်ကျေးမှု ဖြစ်ပေါ်လာသည်။

ကုန်းဘောင်ခေတ်နှောင်းနှင့် ဗြိတိသျှခေတ် ဖြတ်သန်းခဲ့သော ဝက်မစွတ်မြို့စား၏ နေ့စဉ်မှတ်တမ်းတွင် ဘုရားကိုးဆူပွဲကျင်းပသည့် အိမ်များသို့ မကြာခဏ သွားရောက်ရကြောင်းကို တွေ့ရပါသည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း မြန်ပြည်အနှံ့တွင် ဘုရားကိုးဆူ ဆွမ်းကပ်ရှိခဲ့ပေသည်။ ရှေးရုပ်ရှင် (အဖြူအမည်းရုပ်ရှင်) များတွင်လည်း ဘုရားကိုးဆူ ဆွမ်းကပ်မကြာခဏပါသည်ကို တွေ့ရသည်။ ထိုဘုရားကိုးဆူဆွမ်းကပ်တွင် ဘာသာရေးဆိုင်ရာ ဘုရားရှိခိုးအမွှမ်းအမျိုးမျိုး ရှိပေသည်။ ထိုအထဲတွင် ဤဝါဆိုစဉ်ဘုရားရှိခိုးအမွှမ်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

ဘုရားကိုးဆူဆွမ်းကပ်စာတမ်းကို ကျီးသဲလေးထပ်ဆရာတော်က စတင်ရေးသားခဲ့သည်ကို တွေ့ရပေသည်။ နှောင်သော် ဦးစိန်ဖေ၏ ဘုရားကိုးဆူ ပူဇော်နည်းစာအုပ်မှာ ထင်ရှားပေသည်။ ရေးသမ္မာစဉ် ဘုရားကိုးဆူဆရာကြီးများ ဖြစ်ကြသော ဣန္ဒာသယဆရာလှ၊ ဓမ္မစရိယဆရာခင်၊ ဆရာအောင်၊ မဏ္ဍလာသောင်း၊ ဣန္ဒိတံဆရာတင်၊ ဘိုကလေးဆရာလှ၊ ဆရာထွန်း တို့မှာထင်ရှားခဲ့ပေသည်။ ထိုဆရာတို့ ထံမှ ရရှိသောစာမူဖြစ်ပါသည်။

… ညနေချမ်းအခါ သာသည့် နတ်လမ်း၊ ဗောဓိပင် ရှိရာစခမ်းသို့ ကြွတော်မူ၊ သောတ္ထိယ ငစင်လှူသည့် မျက်ရစ်ဆုပ်ကို ကြဲကာဖြန့်၊ တစ်ဆယ့်လေးတောင် အပြန့်ကျယ်သော အပရာဇိတ ပလ္လင်ဗွေ၊ ထက်ဝယ် ဖွဲ့ခွေနေတော်မူလျက်၊ ဘုရားမဖြစ်က ငါမထဟု စတုရင် ဝီရိယဖြင့်၊ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်း၊ ရွှင်လန်းဖူးမြှော် နတ်တို့၏ အပူဇော်ကို ခံတော်မူလျက်…

စသဖြင့် ဝါဆိုတော်နေရာများကို တစ်ဝါချင်း တစ်ဝါချင်း နေရာတော်အလိုက် အမွှမ်းရေးထားလေသည်။

…ရာဇဂြိုဟ်ပြည်သို့ တဖန်ရောက်၍မကြာ၊ အနာတပိဏ်သူဌေးကြီးအား ကျောင်းဆောက်ရန် ခွင့်ပေး၊ လေးဝါကျွတ်စအခါ၊ ဝေသာလီပြည်သို့ ကိုယ်တော်တိုင်ကြွ၊ ပဉ္စမဝါဆိုခါနီးတွင်၊ ဘခင်သုဒ္ဓေါဒနမင်းကြီးကား ပရိနိဗ္ဗာန်စံ၊ ပြန်၍သဂြိုဟ် ဘိက္ခုနီမအဖြစ်ကို မိထွေးတော်ဂေါတမီ တောင်းပန်၊ အတန်အတန်မြစ်တား၊ ဂရုဓမ္မတရားရှစ်ပါးဖြင့် နောင်ဆုံးအခါခွင့်ပြု…

စသဖြင့် ဗုဒ္ဓဝင်ဖြစ်တော်စဉ်အလိုက် ကွက်ကွက်ကွင်းကွင်းမြင်အောင်ရေးထားလေသည်။

ခေတ်ဟောင်းသီချင်းတွင် မကြည်အောင် သီဆိုသည့် ဗောဓိပင်နှင့် ရွှေပုလ္လင်သီချင်းပါ စာသားများမှာ ဤဘုရားကိုးဆူအမွှမ်းပါ စာအလင်္ကာများ နည်းမှီ၍ ဆရာရွှေတိုင်ညွန့်က တေးပြုထားသည်ကို သိနိုင်ပေသည်။

ရှေးတေးရေးဆရာကြီးများ ဂီတာဦးစိမ်းမောင်၊ သဟာယဆရာတင်၊ လှည်းတန်း ဦးလူကလေး စသည့်တေးသီချင်းစာသားများသည် ဤကဲ့သို့သော စာပေများမှ မြစ်ဖျားခံလာသည်ဟု အလျဉ်းသင့်၍ ဖော်ပြလိုက်ရသည်။ ခုနှစ်သက္ကရာဇ်စဉ်ကိုမူ အတိအကျမဆိုနိုင်ပေ။

အမည်မသိစာဆိုပင်လျှင် ရေးစပ်ထားသော ဝါဆိုစဉ်ဘုရားရှိခိုး တစ်ခုလည်းရှိပေသည်။ ဘုရားရှိခိုးဆိုသည်နှင့်အညီ

…ဩကာသ,ဩကာသ,ဩကာသ သုံးလူ့ထွတ်
တင်၊ မြတ်ရှစ်ပင်သည်၊ ချစ်ရှင်ဓမ္မရာဇ်၊ ဘုရား
ဖြစ်၍၊ နှစ်လေးဆယ့်ငါး၊ လူ,နတ်များကို၊ တရား
မြွက်ဖော်၊ ကျွတ်တမ်းခေါ်သည်၊ ဝါတော်အစ၊
ပထမကား၊ ဓမ္မစကြာ၊ ဟောမြွက်ရာသည်၊
မိဂဒါဝုန်၊ ရဂုံထူပြော၊ သာသည့်တောဝယ်…

ဟု လေးဆယ့်နှင့် ငါးဝါတို့ကာလပတ်လုံးကို ရေးဖွဲ့ပြီး

…တနေ့မပြတ်၊ သုံးလူ့နတ်ကို၊ လေးမြတ်ရှိသော၊
ဂါရဝေဖြင့်၊ နေလည်းဦးတင်၊ အိပ်လျှင်ရှိခိုး၊
နိုးလျှင် ဆောက်တည်၊ စိတ်ကြည်သန့်ရှင်း၊
ကိုယ်တွင်းမြဲအောင်၊ သွားတိုင်းဆောင်၍၊
နောင်နိဗ္ဗုတာ၊ ရောက်ချင်ပါသည်။ ။ လိုရာဆန္ဒ
ပြည့်စေသောဝ် မြတ်ရှင်စော ဩကာသ
ဩကာသ ဩကာသ။…

ဟု နိဂုံးချုပ်ထားလေသည်။

ယခုတင်ပြမည့် အမည်မသိစာဆိုရေးစပ်သည့် ဝါဆိုစဉ်ပျို့မှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် အမှတ်စဉ် (၆၂၄၆) (၁၃) ရွက် (၉) ကြောင်း ပေမူ တစ်ခုကို တွေ့ရပါသည်။ စာရေးကူးသူမှာ မောင်လူလှ ဟု တွေ့ရပါသည်။ သက္ကရာဇ်-၁၂၅၇၊ ခရစ်နှစ်-၁၈၉၅ တွင်ဖြစ်သည်။ စာဆိုအမည်နှင့် ရေးဖွဲ့သော နှစ်ကိုလည်း မသိရပေ။ ရေးကူးသော နှစ်ဝန်းကျင်မှာ ဒီးဒုတ်ဦးဘချို၊ ဦးဖိုးကျား၊ ဦးစိန်တင် (သိပ္ပံမောင်ဝ) မွေးဖွားသောနှစ်များ တစ်ဝိုက်ဖြစ်သည်။ မန်လည်ဆရာတော်၊ ဘိုကလေး ဦးသက်ရှည်တို့ထက် နောက်ကျသည်။

… ဇေယျတု။ ။ အရဟံအစ၊ နဝဂုဏ်တော်၊ ထိန်ထိန်ကျော်သား၊ သုံးဘော်သခင်၊ မြတ်ချစ်ရှင်သည်၊ ဒီပင်္ကရာ၊ သုံးလူ့ချာ၏၊ ပါဒစက်ကွင်း၊ ခြေတော်ရင်း၌အစချီကာ တစ်ဝါချင်း တစ်ဝါချင်းကို ဗုဒ္ဓဝင်ဖြစ်တော်စဉ်ဖြင့် ရေးဖွဲ့ထားလေသည်။ အခြားတွေ့ရှိချက်တစ်ခုမှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်-

ဝါဆိုစဉ် (၅၄၁၅) (တ၀စ)၊ သကြိဇ် ၁၀၀၂ ရာ
ဥတု တခုလဆန်နှစ်ရက် တနင်္လာ နေစမ်
ပေါ် တွင် ဝါဆိုဝ်စဉ် စာကိုဝ်ငင်မွိစ္စာ ရေးကူး၍
ပြဍ်စုမ်သည်ဩ၊ ဒိ၊ ပုဲ။ အာ ။ (မူရင်းသတ်ပုံ
အရေးအတိုင်း)

ဤရေးကူးသော သက္ကရာဇ်စဉ်မှန်ပါက ဤဝါဆိုစဉ်ဝတ္ထုကြီးမှာ ရှင်သန်ကို၊ သမ္မောလင်္ကာရ ဆရာတော်၊ ဆီသည်ရွာသားဦးအောင်ကြီးတို့ မတိုင်ခင် ရေးဖွဲ့ခဲ့သော ဝါဆိုစဉ်ကြီးဖြစ်ပါသည်။ ပေအင်္ဂါများပေသည်။ ဝါတော်တစ်ဝါချင်းကို အကြောင်းအရာ ပတ်ဝန်းကျင်အနေအထား ဖြစ်စဉ်တို့နှင့် ရေးဖွဲ့ထားရာ အလွန်ထူးခြားသော ဝါဆိုစဉ်စာအလင်္ကာဖြစ်ပေသည်။

အထက်ဖော်ပြပါ တွင်းသင်းတိုက်ဝန် မဟာစည်သူ စိန္တကျော်သူဦးဩတို့ မတိုင်ခင်က ရေးဖွဲ့ခဲ့ကြသည့် စာများရှိသည်ကို အထောက်အထားအရ သိရပေသည်။ ထိုဝါဆိုစဉ်နှင့်ပတ်သက်၍ အကျယ်တဝင့် သုတေသနပြုရေးကူးမည်ဖြစ်ပါသည်။

ရွှေတိဂုံပရိဝုဏ်အတွင်း ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များ ၈၅ ဖွဲ့ ရှိပေသည်။ ထိုအထဲတွင် မင်္ဂလာဗျူဟာ ပိဋကဗျူဟာအသင်းဆိုသည် ရှိပေသည်။ ပိဋကဗျူဟာအသင်းသည် (၂၄ - ၅ - ၂၀၂၅) တွင် နှစ်-၅၀ ရွှေရတုပြည့်ခဲ့ပါသည်။ ထိုအသင်းသည် ပိဋကတ်တော်ဆိုင်ရာ ဗုဒ္ဓစာပေဆိုင်ရာများနှင့် ပတ်သက်၍ ရှားပါးသော တိမ်မြုပ်ပျောက်ကွယ်နေသော စာပေများကို ပုံနှိပ်ထုတ်ဝေသော အဖွဲ့အစည်းဖြစ်ပါသည်။ ရှားပါးသော စာမူများ ဤကဲ့သို့သော စာပေမျိုးကို ပို့ပေးနိုင်ပါကြောင်း အကြောင်းကြားနိုင်ပါကြောင်း (ဖုန်း- ၀၉၅၀၁၀၅၀၆၊ ၀၉၅၁၈၈၇၅၄၊ ၀၉၅၁၂၅၉၆၄) တင်ပြအပ်ပါသည်။ စာရှုသူများ ဗုဒ္ဓဝါဆိုစဉ်နေရာတော်ကို အာရုံပြုကုသိုလ်ယူ၍ အိုးအိမ်နေရာမှသည် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ်၊ နိုင်ငံအထိ ငြိမ်းချမ်းမှုဖြစ်ပါစေကြောင်း ဆုတောင်းနိဂုံးကို ဒုတိယမောင်းထောင်သာသနာပိုင်၏ ဝါဆိုစဉ်ကျမ်းပြီးဆုတောင်းအတိုင်း တင်ပြနိဂုံးချုပ်အပ်ပါသည်။

**ဣမိနာ ပုညကမ္မေန၊ ဤကောင်းမှုကံကြောင့်။ ပရံ၊ လွန်မင်းစွာ။ အရိ၊ ယခုဖြစ်သော ရန်စစ်ကြီးသည်။ ဝတ၊ စင်စစ်။ ပေမံ၊ အချင်းချင်း ချစ်မြတ်နိုးကြသည်။ ဟုတွာ၊ ဖြစ်၍ သိဗ္ဗတု၊ မပင်မပန်းငြိမ်းချမ်းသာယာ မေတ္တာသက်ဝင်၍ အောင်မြင်ပြီးစီးစေသတည်း။ သုဒေဝေါ၊ သမ္မာဒေဝနတ် သည်။ ရက္ခတု၊ ရင်ဝယ်သားကဲ့သို့ သနားစုံမက် နှစ်သက်ကြည်စွာ စောင့်ပါစေသတည်း။ ဥဒ၊ ထိုမြို့။ တော် ဇိနဝစနံ၊ ဤမြတ်ဘုရား သာသနာတော်သည်။ ဝမုတု၊ စည်ပင်ပြန့်ပွားများစေသတည်း။**

**နိဋ္ဌိတံ၊ ဝါသမာလိနီမည်သော ထောမနာ ဝန္ဒနာ အပြီးသို့ရောက်၏။ ။**

# ပဲခူးတိုင်းဒေသကြီး၌ မိုးစပါးအပါအဝင် အဓိကသီးနှံများပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်သီးနှံတိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ရေငန်ပုစွန်မွေးမြူရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ယခုနှစ် ဒီဇင်ဘာလအတွင်း ပုစွန်သားဖောက်လုပ်ငန်းနှင့် အစာစပ်စက်ရုံ လုပ်ငန်းများ စတင်လုပ်ငန်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးထားပြီးဖြစ်၍ လျာထားချက်အတိုင်း အောင်မြင်စေရေး လုပ်ငန်းရှင်များအားလုံးတို့က လက်တွေ့ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**ပုစွန်မွေးမြူထုတ်လုပ်မှု**

ယင်းနောက် ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များက လက်ရှိ ပုစွန်မွေးမြူထုတ်လုပ်မှုအခြေအနေနှင့် တိုးချဲ့မွေးမြူထုတ်လုပ်နိုင်မှု အလားအလာများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာနစု(ပေါင်းငူ)သို့ သွားရောက်၍ မျိုးဗီဇ ခွဲခန်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် မျိုးရေခဲချောင်းထုတ်လုပ်ရေးခွဲခန်းလုပ်ငန်း၊ မျိုးနွားမွေးမြူထားရှိမှုနှင့် တိရစ္ဆာန်အစာ မြက်အမျိုးမျိုးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သုတေသနမှတ်တမ်းမှတ်ရာများ စနစ်တကျထားရှိရေးနှင့် သုတေသနတွေ့ရှိချက်များကို မျိုးဆက်သစ်ပညာရှင်များထံ လက်ဆင့်ကမ်းမျှဝေ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

**မျိုးဗီဇများစစ်ဆေးဆောင်ရွက်**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာနစု(ပေါင်းငူ) မျိုးဗီဇဓာတ်ခွဲခန်းတွင် မွေးမြူရေးနွားကောင်ရေ ၃၀၀ ၏ မျိုးဗီဇများကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး မျိုးရေခဲချောင်းထုတ်လုပ်ရေးဓာတ်ခွဲခန်းလုပ်ငန်းအနေဖြင့် မျိုးရေခဲချောင်း ၁၅၂၀၀၀ ထုတ်လုပ်ဖြန့်ဖြူးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ပဲခူးမြို့ ကတွင်းခြံကျေးရွာ မိုးစပါးစိုက်ကွင်း၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးအပါအဝင် အဓိကသီးနှံများ ပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်သီးနှံ တိုးချဲ့စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကတွင်းခြံကျေးရွာ မိုးစပါးစိုက်တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြရာ တောင်သူကိုယ်စားလှယ်များက လက်ခံရယူကြသည်။



**ကွင်းဆင်းကြည့်ရှုအားပေး**

ယင်းနောက် လယ်ယာသုံးစက်ကိရိယာ ကောက်စိုက်စက်များနှင့် တိုက်ရိုက်မျိုးစေ့ချ ကိရိယာများကိုလည်းကောင်း၊ ကောက်စိုက်စက်ဖြင့် အောင်နိုင်တိုးစပါး စိုက်ပျိုးနေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုအားပေးကြသည်။ ပဲခူးတိုင်းဒေသကြီး၌ ယနေ့အထိ မိုးစပါး ဧက ၃၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးကြောင်းနှင့် လျာထားဧက ၁၀၆၄၅၃ ဧက အပြည့်အဝစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့သည် ပဲခူး(၁၀)မိုင်ကုန်းရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ထိန်းသိမ်း စောင့်ကြည့်စစ်ဆေးရေးစခန်း အသုံးပြုခွင့်ရရှိထားသည့် ကုမ္ပဏီ၏ မြေနေရာ ဧက ၁၀၀ ကို ကြည့်ရှုစစ်ဆေး၍ မိုးရာသီကုန်သည်နှင့် လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် သံလွင်တံတား(တာဆန်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မိုင်းပန် ဇူလိုင် ၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် လင်းခေးခရိုင် မိုင်းပန်မြို့နယ် နမ့်စန်-မိုးနဲ- မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်တံတား (တာဆန်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့အား သံလွင်တံတား (တာဆန်း) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက တံတား၊ လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းပိုင်းအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် သတ်မှတ်အတိုင်းအတာ၊ အရှည်အသွေး၊ စံချိန်၊ စံညွှန်း ပြည့်မီရေးနှင့် သတ်မှတ်ကာလပြီးစီးရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကိုမှာကြားပြီး တံတားတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။



ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုင်းတုံခရိုင် မိုင်းတုံမြို့သို့သွားရောက်၍ မြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရုံးရှေ့တွင် သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ စုဖွဲ့ထားရှိမှုအခြေအနေ၊ တာဆန်း-မိုင်းတုံ-မိုင်းဆတ်လမ်း တံတားအမှတ်(၂/၂၃၆)ကို ပေ ၉၀ ဘေလီတံတား ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်းတုံခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများအားလုံးသည် ပြည်သူများ အားကိုးအားထားပြုရသည့် ဌာနများဖြစ်ရန် လိုအပ်ပါကြောင်း၊ မြို့မိမြို့ဖများနှင့်ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသလိုအပ်ချက်များတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဟိုင်းကြီးကျွန်းမြို့၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ဂေဟစနစ်ကောင်းမွန်စေရန်အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ဟိုင်းကြီးကျွန်း ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ဂေဟစနစ်ကောင်းမွန်စေရန်အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲက မြတ်မော်တင်တောင်တော်နှင့် မော်တင်-ကံချိုင်သွား ကားလမ်းဘေးဝဲယာတို့၌ ကျင်းပသည်။

ဦးစွာ ဟိုင်းကြီးကျွန်းမြို့ သစ်တောဦးစီးဌာန တာဝန်ရှိသူများက စိုက်ပျိုးမည့်အပင်များကို တက်ရောက်လာသော တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများထံသို့ ပေးအပ်ပြီး သစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**စုပေါင်းစိုက်ပျိုးပေးခဲ့**

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၃၀၀ တက်ရောက်ကြပြီး သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ ဒေသအပူချိန်လျှော့ချနိုင်စေရန်နှင့် ဂေဟစနစ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန်အတွက် မော်တင်တောင်တော် ပရဝဏ်တွင် ခရေ၊ ကံ့ကော်၊ ပုန်းညက်၊ ညမွှေး၊ အုန်းပင် စုစုပေါင်း အပင် ၄၃၀၊ မော်တင်-ကံချိုင်သွား ကားလမ်းဘေးဝဲယာ၌ မန်ကျည်ရှား၊ မဟော်ဂနီ၊ ကျွန်း စုစုပေါင်း အပင် ၆၀၀ တို့ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ဟိုင်းကြီးကျွန်း (မြန်/ဆက်)**

# မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ထမ်း မိသားစုများအတွက် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအနက် နေပြည်တော်ကောင်စီနယ်မြေ၌ မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ထမ်းမိသားစုများ အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဦးစီးဌာနအသီးသီးမှ ငလျင်ဒဏ်ကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ယနေ့အခမ်းအနားသည် မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစုများအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဝန်ထမ်းများ၏ ပုံမှန်နေ့စဉ် လူနေမှုဘဝကို အတိုင်းအတာတစ်ခုအဖြစ် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သော ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားစက်၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ဟင်းချက်အိုးနှင့် လျှပ်စစ်မီးပူတို့ကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

**အသုံးအဆောင်ပစ္စည်းများပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက နေပြည်တော်ကောင်စီနယ်မြေရှိ မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ထမ်းမိသားစု ၄၄ စုကို အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာ ၄၄ လုံး၊ ရုပ်မြင်သံကြား စက် ၄၄ လုံး၊ ထမင်းပေါင်းအိုး ၄၄ လုံး၊ လျှပ်စစ်ရေနွေးအိုး ၄၄ လုံး၊ လျှပ်စစ်ဟင်းချက်အိုး ၄၄ လုံးနှင့် လျှပ်စစ်မီးပူ ၄၄ လုံးတို့ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။




**စနစ်တကျ ပို့ဆောင်ပေးခဲ့**

အခမ်းအနားတွင် မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများပျက်စီးခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ၄၄ ဦးတို့အား ထောက်ပံ့ပေးအပ်ခဲ့သည့် အဆိုပါ အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ဝန်ထမ်းမိသားစုများ ယာယီနေထိုင်သည့် နေရာများသို့ စနစ်တကျ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကြီးမြို့နယ် အေးသာယာမြို့ စစ်မှုထမ်းဟောင်းအိမ်ရာရှိ ဓမ္မာရုံသစ် ဆောက်လုပ်ပြီးစီး၍ ရေစက်သွန်းချလှူဒါန်းပွဲ ပြုလုပ်

**နေပြည်တော် ဇူလိုင် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ စစ်မှုထမ်းဟောင်းအိမ်ရာရှိ ဓမ္မာရုံသစ်ဆောက်လုပ်ပြီးစီး၍ ရေစက်သွန်းချ လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဓမ္မာရုံ၌ ပြုလုပ်ရာ အေးသာယာမြို့ ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တ ဉာဏဝရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ချမ်းမြေ့ရိပ်သာကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားများနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်း ချိတ်ဆွဲထားရှိမှုများကို ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးလှိုင်ဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးတို့ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ပူးပေါင်း၍ မှော်ဘီမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဆင်သေဆည်ရေသောက်စနစ် ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့သည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဆင်သေချောင်း လက်ဝဲနှင့် လက်ယာအတွင်းရှိ စိုက်ပျိုးမြေ ဧက ၃၈၄၄၄ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတောင်သူများကိုယ်တိုင် တက်ကြွစွာပါဝင်လာစေရေး ကွင်းဆင်းတွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ဒုတိယဝန်ကြီးများသည် ဇေယျာသီရိမြို့နယ် ကျွန်းယောင်းကျေးရွာအုပ်စု ရွှေဇဟိုကျေးရွာမှ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ လက်ရှိစိုက်ပျိုးလျက်ရှိသည့် ပြောင်းသီးနှံ အခြေခံနှစ်သီးစားယာသီးနှံ အဓိကထားစိုက်ပျိုးသည့် သီးနှံပုံစံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သီးထပ်စွမ်းအား မြှင့်တင်ရေးအတွက် သုံးသီးစား သီးနှံပုံစံ စိုက်ပျိုးနိုင်ရေး အလားအလာနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်အသုံးပြုနိုင်ရေး၊ သီးနှံပုံစံ ချိန်ညှိစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေ ရရှိနိုင်မှုနှင့် ဖြည့်ဆည်းပေးနိုင်မည့် အလားအလာများ၊ အခြားသော လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။

ထို့အတူ ဒုတိယဝန်ကြီးများသည် ဇေယျာသီရိမြို့နယ် သာစည်အုပ်စု အောင်သာကျေးရွာ တောင်သူများနှင့်တွေ့ဆုံ၍ ပြောင်း-ပဲကြီး၊ ပြောင်း-မြေပဲ၊ ပြောင်း-နှမ်းသီးနှံ၊ ကြံသီးနှံ စသော ဒေသခံတောင်သူများ အဓိကစိုက်ပျိုးလျက်ရှိသည့် သီးနှံပုံစံများ၊ သီးနှံအလိုက် မျိုးစေ့သုံးစွဲမှုအခြေအနေနှင့် သီးနှံအထွက်နှုန်းရရှိမှု၊ သီးနှံအလိုက်အထွက်နှုန်း တိုးတက်ရရှိရေးအတွက် ပြောင်းလဲသင့်သည့် သီးနှံပုံစံနှင့် ဖြေရှင်းပေးရမည့် အခက်အခဲများ၊ မြေယာအသုံးပြုခွင့် လုပ်ကိုင်ခွင့်ဆိုင်ရာများ၊ စက်မှုလယ်ယာစနစ် ကျင့်သုံးနိုင်မှု အခွင့်အလမ်းများကို ဆွေးနွေးပြီး လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်အုပ်စု ဆင်တဲကြီးကျေးရွာရှိ တောင်သူများနှင့်တွေ့ဆုံ၍ သီးနှံအလိုက် ပန်းတိုင်အထွက်ရရှိရေး၊ တစ်ဧကချင်း၏ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ ဒေသခံတောင်သူများအတွက် တောင်သူပညာပေးစင်တာ ထူထောင်ပေးနိုင်ရေး၊ ပဲပုပ်သီးနှံစိုက်ပျိုးနိုင်ရေး အားပေးဆောင်ရွက်သွားမည့် အစီအစဉ်များ၊ သီးနှံများ၌ ဓာတ်ကြွင်းအာနိသင် လျော့ချနိုင်ရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

**၉ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၈၉၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

မြန်မာ့အလင်း



အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# ဗိုလ်ချုပ်မျှော်မှန်းချက်များ အလေးထား

## စာဖတ်ပရိသတ်တစ်ဦး



၂၀၂၄ ခုနှစ်က ကျင်းပသည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားမြင်ကွင်း။

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့သို့ ရောက်ရှိပြန်တော့မည်။ အာဇာနည်နေ့ရောက်တိုင်း မြန်မာပြည်သူများက လွန်ခဲ့သော ၇၈ နှစ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့က ကျဆုံးခဲ့သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းဆွတ်အမှတ်ရလေ့ရှိကြသည်။

သို့သော် အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သော၊ အာဇာနည်ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သော တစ်နည်းအားဖြင့် ဗိုလ်ချုပ်လမ်းစဉ်နှင့်ပတ်သက်၍မူ ရေရေရာရာ၊ တိတိကျကျ အမှတ်ရသူများကား နည်းပါးလှပေသည်။

ဗိုလ်ချုပ်သည် အမျိုးသားညီညွတ်ရေးကို ရှေးရှုသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားသည်။ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝမှ အမျိုးသားလွတ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင် နှလုံးရည်အားဖြင့် အမျိုးသားညီညွတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံ၍ တည်ဆောက်ခဲ့သည်။

ဗြိတိသျှနယ်ချဲ့သမားက နယ်ချဲ့များပီပီ သွေးခွဲအုပ်ချုပ်ရေးပေါ်လစီ (Policy of Divide and Rule) ကို ကျင့်သုံးကာ မြန်မာတိုင်းရင်းသားအချင်းချင်းကြား ရန်တိုက်ပေးပြီး သွေးခွဲခဲ့သည်။ ဖက်ဆစ်တို့ကလည်း ထိုပေါ်လစီကိုပင်ကျင့်သုံးကာ မြန်မာတိုင်းရင်းသားအချင်းချင်းသွေးကွဲအောင် နည်းအမျိုးမျိုးဖြင့်ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်က နယ်ချဲ့တို့၏ ပယောဂကြောင့် ပေါ်ပေါက်ခဲ့သော အကွဲအပြဲကို ရင်ကြားစေ့အောင် ဆောင်ရွက်ခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးတည်ဆောက်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးသောအခါတွင်လည်း ဗိုလ်ချုပ်က ဖဆပလကို ခိုင်မာတောင့်တင်းလာစေရန် စနစ်တကျ ပြန်လည်တည်ဆောက်ခဲ့သည်။ ဖဆပလသည် အမျိုးသားတပ်ပေါင်းစုဖြစ်သည်နှင့်အညီ ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီ စသောနိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂ၊ အလုပ်သမားအစည်းအရုံး၊ တောင်သူလယ်သမားသမဂ္ဂ၊ တောင်သူလယ်သမား အစည်းအရုံး၊ လူတန်းစားအဖွဲ့အစည်းများ၊ လူငယ်အစည်းအရုံး၊ အမျိုးသမီးအစည်းအရုံး၊ ပြည်သူ့ရဲဘော် စသည့် လူထုအဖွဲ့အစည်းများအပြင် ဦးဘဖေ၊ ဒီးဒုတ် ဦးဘချို၊ ပျော်ဘွယ်ဦးမြ၊ ဟသ်ာတဦးမြ၊ ဂျာနယ်ကျော် ဦးချစ်မောင် စသောတစ်သီးပုဂ္ဂလပုဂ္ဂိုလ်များ၊ နိုင်ငံရေးသမားကြီးများ စသည်ဖြင့် စုပေါင်းဖွဲ့စည်းခဲ့သည်။

ဗဟိုဦးစီးအဖွဲ့တွင်လည်း နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များသာမက တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့်ထင်ရှားသော တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များ၊ နိုင်ငံရေးခေါင်းဆောင်များဖြင့် ဖွဲ့စည်းခဲ့သည်။ ထိုသို့ကျယ်ပြန့်စွာဖွဲ့စည်း နိုင်ခြင်းသည် ဗိုလ်ချုပ်၏ အမြင်ကျယ်မှုနှင့် အမျိုးသားညီညွတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုအလေးထားမှုကြောင့်ဖြစ်သည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်ခေါင်းဆောင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းရာတွင်လည်း အစိုးရအဖွဲ့ဝင်အများစုမှာ ဖဆပလကိုယ်စားလှယ်များသာမက ဦးစော၊ သခင်ဗစိန်၊ ဆာမောင်ကြီး၊ စောဘဦးကြီးတို့ ပါဝင်ခဲ့ကြသည်။ များစွာသော နိုင်ငံရေးသမားတို့က အာဏာရရေး(ဝါ)အစိုးရဖြစ်ရေးကို မိမိတို့ပန်းတိုင်အဖြစ် သတ်မှတ်လေ့ရှိကြသည်။ ထိုနိုင်ငံရေးသမားများသည် အစိုးရဖြစ်လာသောအခါ မိမိ၏ အစိုးရဘဝကို သာယာလာကြသည်။ ဘဝမြင့်လာ၍ အောက်ခြေလွတ်သွားတတ်ကြသည်။ ဗိုလ်ချုပ်မှုကား အစိုးရဖြစ်ရေးကို အဓိကမထား၊ တိုင်းပြည်လွတ်လပ်ရေးကိုသာ အဓိကထားပြီး လုပ်ငန်းအောင်မြင်ပြီးမြောက်အောင် မမှိတ်မသုန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

တစ်ဖက်တွင်လည်း အမျိုးသားစည်းလုံးညီညွတ်မှုမပြိုကွဲစေရန် အတန်တန်သတိပေးပြောကြားခဲ့သည်။ အထူးသဖြင့် မြန်မာပြည်တွင် လူမျိုးအချင်းချင်းမကွဲဖို့၊ လူငယ်ပိုင်းဖြစ်သော လက်ဝဲသမားအချင်းချင်း မကွဲဖို့ သတိပေးခဲ့သည်။

“လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်ပြီးတဲ့ မြန်မာပြည်မှာ သိပ်မမိုက်ကြဘဲ တစ်ဦးနဲ့တစ်ဦး ညီညီညွတ်ညွတ်လုပ်ကြဖို့တော့လိုတယ်။ ဒီလိုမှ မလုပ်ရင် လွတ်လပ်တဲ့ မြန်မာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့်ခံစားရမှာ မဟုတ်ဘူး” (၁၉၄၇ ခုနှစ် မတ်လ၊ ရန်ကုန်မြို့ မြန်မာ နိုင်ငံတော် အသံလွှင့်ဌာနမှအသံလွှင့်ချက်မှ)

“မြန်မာပြည် လွတ်လပ်တဲ့အချိန်အခါမှာ ဘယ်သူလာပြီးဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုတာကို ကျုပ်မလန့်ဘူး။ မြန်မာပြည်လူထုညီညွတ်ဖို့လိုတယ်။ နိုင်ငံရေးစားဖားတွေ ညီညွတ်ဖို့မလိုဘူး။ ဘယ်သူတွေညီညွတ်ရမယ်ဆိုရင် တကယ်ခေတ်မြန်မာပြည်မှာ တကယ်အံ့ဆဲဆဲ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်မယ်ဆိုရင် မြန်မာပြည်ညီညွတ်မှာပဲ။ တစ်ယောက်နဲ့တစ်ယောက် အကြောင်းပြချက်မလုံလောက်ဘဲ မညီမညွတ်ဖြစ်နေရင် အချုပ်အခြာ **အာဏာပိုင်အဖြစ် ရောက်နိုင်မှာမဟုတ်ဘူး”** (၁၉၄၇ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင်ကျင်းပသော နိုင်ငံရေးရှင်းလင်းပွဲမိန့်ခွန်းမှ)

ထို့အတူ ဗိုလ်ချုပ်သည် တစ်ဖက်မှ လွတ်လပ်ရေးအတွက်ပြင်ဆင်ရင်း အခြားတစ်ဖက်မှလည်း တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် စိုင်းပြင်းခဲ့ရလေသည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဆိုရင်တိုဗီလာအဆောက်အအုံ၌ နိုင်ငံရေးသမားများ၊ စီးပွားရေးသမားများ၊ ဌာနအသီးသီးမှ ပါရဂူများတက်ရောက်သော ကွန်ဖရင့်ကို ကျင်းပကာ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် စီမံကိန်းရေးဆွဲခဲ့သည်။

အဆိုပါကွန်ဖရင့်၏ ရည်ရွယ်ချက်မှာ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် ရေရှည်စီမံကိန်းရေးဆွဲရန်မဟုတ်ဘဲ လက်ငင်းပြဿနာများဖြစ်သော လူနေမှုစရိတ်ကျဆင်းရေး၊ အလုပ်လက်မဲ့ပပျောက်ရေး(သို့မဟုတ်) လျော့ပါးစေရေး၊ သယ်ယူပို့ဆောင်ရေး၊ လူနေအိမ်များအရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ ငြိမ်ဝပ်ပိပြားရေး စသည်တို့အတွက် စီမံကိန်းရေးဆွဲရန်ဖြစ်သည်။

**“နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွေကလည်း စီးပွားရေးသဘောတရားတွေနဲ့ ကင်းလို့မဖြစ်နိုင်ဘူး။ စီးပွားရေးသဘောတရားတွေကို အခြေခံထားပြီး တိုင်းပြည်တည်မှသာလျှင် တကယ့်ဒီမိုကရေစီနိုင်ငံကို ရောက်အောင်သွားနိုင်မယ်”** (၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် မြွက်ကြားသည့် နှစ်သစ်ကူးမိန့်ခွန်းမှ)

အထက်ပါ သဘောတရားခံယူချက်နှင့်အညီ ဗိုလ်ချုပ်သည် မြန်မာပြည် လွတ်လပ်ရေးရသည့်အခါတွင်လည်း ပြန်လည်ထူထောင်ရေးစီမံကိန်းများကို အမျိုးမျိုးသောနည်းများဖြင့် အတော့်ကို ကြိုးစားလုပ်ကိုင်ပါမှ အနှစ် ၂၀ ကျော်ခန့်ကြာမှ မြန်မာပြည်တော်ရုံရောက်နိုင်မည်။ အခြားလွတ်လပ်သော တိုင်းပြည်များ ခြေတစ်လှမ်းလှမ်းလျှင် ကိုယ့်ခြေကလေး၊ ငါးလှမ်း လှမ်းနိုင်မှ တော်ရုံကျမည်။ မလုပ်လို့ရှိလျှင် ယိုးဒယားတောင်မီမှာ မဟုတ်ဟု မကွယ်လွှန်မီ

*စာမျက်နှာ ၁၁ သို့*

◆ **စာရေးဆရာကြီး မောင်ထင်ကလည်း “ဗိုလ်ချုပ်ကိုရည်စူး၍ ငါတို့ဘာတွေ လုပ်နေကြသလဲ” ခေါင်းစဉ်ဖြင့် “ကျွန်ုပ်တို့အတွက် ဗိုလ်ချုပ်အောင်ဆန်း ဆောင်ရွက်ပေးခဲ့သည်တို့ကို စာရင်းတင်ပြဟုဆိုလျှင် သမိုင်းတစ်လျှောက်လုံး၌ မှတ်တမ်းတင်၍ ကုန်နိုင်ဖွယ်မရှိချေ။ ကျွန်ုပ်တို့အတွက် ဗိုလ်ချုပ် လုပ်ဆောင်ခဲ့သမျှကို ကျွန်ုပ်တို့က အပြန်အလှန်အားဖြင့် ကျေးဇူးဆပ်ဖို့ရှိသည်။ ထို့ကြောင့် ဦးပုကလေးက ငါတို့ဗိုလ်ချုပ်အတွက် ဘာတွေလုပ်ခဲ့သလဲဟု မေးမြန်းလိုက်သောအခါ ကျွန်တော်ကလည်း ငါတို့ဗိုလ်ချုပ်ကျေးဇူးကို သိသောအားဖြင့် ဘာတွေလုပ်နေကြသနည်းဟု မေးလိုက်ချင်သည်**

◆ **ယုတ်စွအဆုံး ဗိုလ်ချုပ်မှာခဲ့သော စည်းကမ်းကိုပင်လျှင် အမြတ်တနိုး လိုက်နာကြမည်ဆိုပါက ဗိုလ်ချုပ်မျှော်မှန်းသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်နေသော စီမံကိန်းအဝဝတို့သည် နိုင်ငံသူနိုင်ငံသားတို့ကို ကောင်းကျိုးပေး လျက်ရှိနေကြလိမ့်မည်**

*စာမျက်နှာ ၁၀ မှ*

တစ်ပတ်ခန့်အလို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ မြွက်ကြားခဲ့သော ရန်ကုန်နယ်လုံးဆိုင်ရာ နိုင်ငံရေးရှင်းလင်းပွဲကြီးတွင် နောက်ဆုံးမိန့်ခွန်းအဖြစ် သတိပေး ပြောကြားသွားခဲ့သည်။

တစ်ဆက်တည်းမှာပင် မြန်မာပြည်သူအပေါင်းအား ညီညွတ်ဖို့၊ စည်းကမ်းရှိဖို့၊ ခြိုးခြံသင့်သည့်နေရာတွင် ခြိုးခြံချွေတာဖို့၊ ကိုယ်လိုချင်သည့်ပန်းတိုင်ရောက်အောင် လုံ့လဝီရိယနှင့်ကြိုးစားအားထုတ်လုပ်ကိုင်ဖို့ သတိပေးပြောကြားသွားခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည်မှာ ယခု ၂၀၂၅ ခုနှစ်ဆိုလျှင် ၇၈ နှစ်တိုင်ခဲ့လေပြီ။ ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို မျိုးဆက်အလီလီ၊ အဆက်ဆက်က ယနေ့တိုင် အောက်မေ့တမ်းတ၊ အမှတ်ရနေကြဆဲပင်။

သို့ရာတွင် မြန်မာ့နိုင်ငံရေးရာသည် ရှေးယခင်မှ ယနေ့တိုင် များသောအားဖြင့် မူကိုစွဲကိုင်သော နိုင်ငံရေးမဟုတ်မူဘဲ ပုဂ္ဂိုလ်စွဲနိုင်ငံရေးမျှသာဖြစ်သည့်အလျောက် ဗိုလ်ချုပ်၏ပညာရှင်ဆန်သော အတွေးအခေါ်များ၊ အနာဂတ်နိုင်ငံတော်အတွက် ဗိုလ်ချုပ်၏ရည်မှန်းချက်များ၊ မျှော်မှန်းချက်များ၊ မထောက်မညာ ဘွင်းဘွင်းရှင်းရှင်း သတိပေးမှာကြားချက်များနှင့် စပ်လျဉ်း၍မူ အမှတ်ရမှု၊ လိုက်နာအကောင်အထည်ဖော်မှုတို့တွင် အားနည်းခဲ့ကြသည်ဟု ဆိုရပေမည်။

ယခုမှမဟုတ်၊ ရှေးယခင်ကတည်းက ဖြစ်ခဲ့၍ ကာတွန်းပညာရှင်ကြီး ဆရာကြီး ဦးဘဂျမ်းကပင်လျှင် အာဇာနည်နေ့အခမ်းအနားတွင် လာရောက်အလေးပြုကြပြီးနောက် ယခင်အတိုင်း နေမြဲ၊ စားမြဲ၊ စည်းကမ်းမဲ့ကြစမြဲဟူ၍ ကာတွန်းရုပ်ပြောင်ဖြင့် ဝေဖန်ထောက်ပြခဲ့သည်။

စာရေးဆရာကြီး မောင်ထင်ကလည်း **"ဗိုလ်ချုပ်ကိုရည်စူး၍ ငါတို့ဘာတွေလုပ်နေကြသလဲ"** ခေါင်းစဉ်ဖြင့် **"ကျွန်ုပ်တို့အတွက် ဗိုလ်ချုပ်အောင်ဆန်းဆောင်ရွက်ပေးခဲ့သည်တို့ကို စာရင်း**တင်ပြပြဟုဆိုလျှင် သမိုင်းတစ်လျှောက်လုံး၌ မှတ်တမ်းတင်၍ ကုန်နိုင်ဖွယ်မရှိချေ။ ကျွန်ုပ်တို့အတွက် ဗိုလ်ချုပ်လုပ်ဆောင်ခဲ့သမျှကို ကျွန်ုပ်တို့က အပြန်အလှန်အားဖြင့် ကျေးဇူးဆပ်ဖို့ရှိသည်။ ထို့ကြောင့် ဦးပုကလေးက ငါတို့ဗိုလ်ချုပ်အတွက် ဘာတွေလုပ်ခဲ့သလဲဟု မေးမြန်းလိုက်သောအခါ ကျွန်တော်ကလည်း ငါတို့ဗိုလ်ချုပ်ကျေးဇူးကို သိသောအားဖြင့် ဘာတွေလုပ်နေကြသနည်းဟု မေးလိုက်ချင်သည်။

ယုတ်စွအဆုံး ဗိုလ်ချုပ်မှာခဲ့သော စည်းကမ်းကိုပင်လျှင် အမြတ်တနိုးလိုက်နာကြမည်ဆိုပါက ဗိုလ်ချုပ်မျှော်မှန်းသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်နေသောစီမံကိန်းအဝဝတို့သည် နိုင်ငံသူနိုင်ငံသားတို့ကို ကောင်းကျိုးပေးလျက်ရှိနေကြလိမ့်မည်။

ထို့ကြောင့် ဤခေတ်ဤအခါ၌ ငါတို့ဗိုလ်ချုပ်ဘာတွေလုပ်ခဲ့သလဲဟုတွေး၍ ငေး၍ မနေကြပါနှင့်။ ငါတို့ဗိုလ်ချုပ်ကို ဘာတွေလုပ်နေကြသလဲဟု အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်ဖို့သာကောင်းသည်"ဟူ၍ ရေးသားခဲ့ပေသည်။

ထို့အတူ ဆရာကြီးမောင်ထင်က "ဗမာ့နိုင်ငံရေးသုခမိန်" စာအုပ်တွင်လည်း "ဗိုလ်ချုပ်အား တကယ်ချစ်ပါသည်၊ ခင်ပါသည်၊ သတိရပါသည်ဟုဆိုလျှင် ပညာရှင်ဆန်သော ဗိုလ်ချုပ်၏ အတွေးအခေါ်များ ရင့်သန်လာခဲ့သည့်နည်းတူ လူထု၏စဉ်းစားဉာဏ်လည်း ရင့်သန်လာကြစေရန် လူထုတစ်ရပ်လုံး ကြိုးစားသင့်လှပေသည်။

နိုင်ငံရေးသမား ပေါသလောက်၊ နိုင်ငံရေးသုခမိန်ရှားလှသော ဤနိုင်ငံတွင် နိုင်ငံရေး သုခမိန်များ ထွန်းပေါ်လာပါစေရန် ရည်သန်၍ ကျွန်တော်မှတ်မိသမျှဗိုလ်ချုပ်၏ ဟောပြောချက်၊ ကြေညာချက်၊ မိန့်ကြားချက်တို့ကို ယခုတင်ပြပါသည်"ဟူ၍ ရေးသားခဲ့ပေသည်။

သို့ဖြစ်ရကား မြန်မာပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပေါ် ပုဂ္ဂိုလ်ရေးရှုထောင့်မှ ချဉ်းကပ်မှုထက် ဗိုလ်ချုပ်၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက်များ၊ မိန့်မှာချက်များကို အလေးထားဖို့လိုသည်။ လိုက်နာဖို့လိုသည်။

နိုင်ငံရေးခေါင်းဆောင်များ အနေဖြင့်လည်း

**❝ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဗိုလ်ချုပ် မိန့်မှာချက်အတိုင်း "အတော့်ကိုပြဲအောင်" ကြိုးစားလုပ်ကိုင်ကြရမည့်အစား ကျဉ်းမြောင်းသောလူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတို့ကို ရှေ့တန်းတင်ခဲ့မှုကြောင့် အမျိုးသားစည်းလုံးညီညွတ်မှု ပျက်ပြားကာ လက်နက်ကိုင်ပဋိပက္ခကို ခေတ်အဆက်ဆက် ဖော်ဆောင်ခဲ့ကြသဖြင့် အမိမြန်မာနိုင်ငံတော်သည် လက်ရှိကာလတွင် ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့သည်ကို အလေးအနက်ဆင်ခြင်စဉ်းစားပြီး အချိန်မနှောင်းသေးမီ ပြင်ဆင်သင့်သည်များကိုပြင်ဆင်၍ အမိမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားအားလုံး တက်ညီလက်ညီ၊ ဦးထမ်းပဲ့ထမ်း ကြိုးပမ်းအားထုတ်လုပ်ကိုင်ကြရန် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့ အခါသမယတွင် တိုက်တွန်းနှိုးဆော်အပ် ❞**

"တိုင်းပြည်ပြန်လည်ထူထောင်ရာမှာ အခု ရုရှားပြည်သစ်တည်ခါစကလို၊ အခု ဘိလပ်မှာဖြစ်နေသလို လူတွေဟာ ခြိုးခြံသည်းခံပြီး ဖွဲ့နပဲနဲ့ စိစစ်ဆောင်ရွက်လုပ်ကိုင်နိုင်မှ လောင်စာကျပြီး ပြာပုံအတိဖြစ်နေတဲ့ မြန်မာပြည်ကြီးကို စည်ပင်သာယာဝပြောအောင် မနည်းကျုပ်တို့လုပ်ရလိမ့်မယ်ဆိုတာကို ကျုပ်တို့ဟာ လူထုခေါင်းဆောင်တွေဆိုလို့ရှိရင် လူထုနားလည်အောင် ရှေ့ဆောင်ဟောပြောညွှန်ပြပြီး သတ္တိရှိရှိလုပ်ပြရလိမ့်မယ်"ဟူသည့် ဗိုလ်ချုပ်၏ မိန့်မှာချက်များအတိုင်း လူထုကို ရှေ့ဆောင်လမ်းပြ၍ လုပ်ကိုင်ကြရန် လိုအပ်ပေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဗိုလ်ချုပ် မိန့်မှာချက်အတိုင်း **"အတော့်ကိုပြဲအောင်"** ကြိုးစားလုပ်ကိုင်ကြရမည့်အစား ကျဉ်းမြောင်းသောလူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတို့ကို ရှေ့တန်းတင်ခဲ့မှုကြောင့် အမျိုးသားစည်းလုံးညီညွတ်မှု ပျက်ပြားကာ လက်နက်ကိုင်ပဋိပက္ခကို ခေတ်အဆက်ဆက် ဖော်ဆောင်ခဲ့ကြသဖြင့် အမိမြန်မာနိုင်ငံတော်သည် လက်ရှိကာလတွင် ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သည်ကို အလေးအနက်ဆင်ခြင်စဉ်းစားပြီး အချိန်မနှောင်းသေးမီ ပြင်ဆင်သင့်သည်များကိုပြင်ဆင်၍ အမိမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားအားလုံး တက်ညီလက်ညီ၊ ဦးထမ်းပဲ့ထမ်း ကြိုးပမ်းအားထုတ်လုပ်ကိုင်ကြရန် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့ အခါသမယတွင် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## နေပြည်တော်မြို့နယ်ရဲတပ်ဖွဲ့၏ ဇေယျာသီရိရဲစခန်းနှင့် နေပြည်တော်မြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့ ယာယီရုံးခန်းဖွင့်လှစ်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

ဇေယျာသီရိ ရေဝတီတိုင်းဒေသကြီး နေပြည်တော် မြို့နယ်ရဲတပ်ဖွဲ့၏ ဇေယျာသီရိ ရဲစခန်းနှင့် နေပြည်တော်မြို့နယ်ရဲမှုထမ်းဟောင်းအဖွဲ့ ယာယီရုံးခန်းဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့မရဲစခန်းဝင်းအတွင်း၌ ကျင်းပသည်။



ဦးစွာ ရေဝတီတိုင်းဒေသကြီး ရဲမှုထမ်းဟောင်းအဖွဲ့၊ တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရဲမှူးကြီး စိုးဝင်း(ငြိမ်း)က အမှာစကားပြောကြားပြီး နေပြည်တော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဝင်းက မြို့နယ်ရဲမှုထမ်းဟောင်းအဖွဲ့ ယာယီရုံးခန်းနှင့် ရဲစခန်းဖြစ်ပေါ်လာရသည့် သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေဝတီတိုင်းဒေသကြီး ရဲမှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ရဲမှူးကြီး စိုးဝင်း (ငြိမ်း)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များက မြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့ ယာယီ ရုံးခန်းဆိုင်းဘုတ်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်း၍ ဖွင့်လှစ်ပေးခဲ့သည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## မြို့သစ်မြို့နယ်၌ နွေစပါး(ရတနာတိုး) စံကွက်ရိတ်သိမ်း

**မြို့သစ် ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုလင်းကြီးကျေးရွာအုပ်စုရှိ တောင်သူ ဦးသန်းထွန်းစိုက်ပျိုးထားသည့် ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါး(ရတနာတိုး) စိုက်ခင်း၌ ယမန်နေ့နံနက်ပိုင်းက စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်သည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းရာတွင် မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးစံရဲကျော်၊ မကွေးခရိုင်မြေစာရင်းဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့်ဝန်ထမ်းများနှင့် ဒေသခံတောင်သူများတက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းခဲ့ကြရာ နွေစပါး(ရတနာတိုး)စပါးမျိုး(သင့်)ကိုယ်စားပြုအလွှာတွင် တစ်ဧကလျှင် အစို ၁၀၇ ဒသမ ၃၉ တင်း၊ အခြောက် ၉၃ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရပ်စောက်မြို့နယ်၌ VRFP စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရပ်စောက် ဇူလိုင် ၉**

ရှမ်းပြည်နယ်( တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများသည် သပြေကုန်းကျေးရွာတွင်စီမံကိန်းမတည်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိကော်မတီဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှန်ကန်မှု ရှိ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး မိသားစုဝင်ငွေများ ပိုမိုတိုးပွားလာစေရန် ဆွေးနွေးပေးသည်။ သပြေကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၈၃ ဦးကို ဆဋ္ဌမအကြိမ်မြောက် ရန်ပုံငွေကျပ် ၃၃၆ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်နိုင်**



# ဝါဆိုလပြည့်နေ့၌ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရားဖူးလာရောက်သူများနှင့် ကောင်းမှုကုသိုလ်ပြုလုပ်သူများ စည်ကား

**ညောင်ဦး ဇူလိုင် ၉**

ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိကြောင်း ညောင်ဦးမြို့ ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူများထံမှ သိရသည်။

ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် အခါကြီးရက်ကြီးမဟုတ်သည့် နေ့များတွင်ပင် ဘုရားဖူးများ အမြဲလာရောက်လျက်ရှိသည့် ဒေသဖြစ်ရာ အခါကြီးရက်ကြီးများနှင့် အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် မိသားစုလိုက် သော်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းများနှင့်သော်လည်းကောင်း လာရောက်ဘုရားဖူးလျက်ရှိကြရာ ဝါတွင်းကာလအတွင်း အဖိတ်၊ ဥပုသ်နေ့များတွင် နံနက် ၄ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ ယနေ့ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်)နေ့ နံနက် ၄ နာရီမှစတင်ကာ မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ ရွှေစည်းခုံစွယ်တော်မြတ်စေတီကြီးသို့ ဆွမ်းကပ်ရန်နှင့် တရားထိုင်၊ အန္တရာယ်ကင်းပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ကြရန် ရောက်ရှိနေကြကြောင်း ရွှေစည်းခုံဘုရားရုံအဖွဲ့မှူး ဦးသန်းမြင့်ဦးက ပြောသည်။ ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဂေါပကထားရှိသည့် ဘုရား ၁၈ ဆူအား ဝါတွင်းကာလ၌ နံနက် ၅ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ဝါဆိုလပြည့်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ လာရောက်သူများပြားလျက်ရှိရာ မြင်းလှည်းအငှားလိုက်သူများ၊ E-Bike၊ မီနီအိုးဝေအငှားလိုက်သူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များ၊ လက်ရေးပန်းချီဆွဲသူများ အလုပ်အကိုင်များ အဆင်ပြေကာ ဟိုတယ်၊ တည်းခိုခန်းများတွင်လည်း ခရီးသွားဘုရားဖူးများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**





# မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်ကြီးတွင် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကျင်းပ

**မြိတ် ဇူလိုင် ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ဝါဆိုလပြည့်နေ့ (ဇူလိုင် ၉ ရက်) မွန်းလွဲပိုင်းက စေတီတော် ဗုဒ္ဓသာသနာ့ဗိမာန်၌ ကျင်းပသည်။

**ခံယူဆောက်တည်**

ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ဆရာတော်သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿဖြင့် ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တလာဘသ လှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် ဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဓမ္မစကြာဝတ်အသင်းအဖွဲ့များက ဓမ္မစကြာအခါတော်နေ့ ရှစ်လုံးဘွဲ့ ကဗျာများ ရွတ်ဆိုပူဇော်ကြပြီး စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလ ကန်သာပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ဓမ္မစကြာအခါတော်နေ့ ဩဝါဒကထာဒေသနာတော်များ နာယူခဲ့ကြသည်။

**ရွတ်ဆိုပူဇော်**

ဆက်လက်၍ ဓမ္မစကြာဝတ်အသင်းအဖွဲ့များက ဓမ္မစကြာရွတ်ပွားပူဇော်သည့် အစီအစဉ်အတိုင်း နတ်ပင့်ဂါထာရွတ်ဆိုပင့်ဖိတ်ခြင်း၊ ဘုရားရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအခါတော်နေ့ အမွှန်းရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းဂါထာရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာပို့ အမျှဝေခြင်းနှင့် နတ်ပို့ဂါထာရွတ်ဆိုပူဇော်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် (၄၈)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် (၄၈)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ မြန်မာနိုင်ငံလုံးဆိုင်ရာဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်၌ ပူဇော်ကျင်းပသည်။



ထို့နောက် မြတ်ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ပဉ္စဝဂ္ဂီငါးပါးတို့အား အဖွဲ့ချုပ်အမှုဆောင်များနှင့် အလှူရှင်များက ရွှေကြာသက်န်းတော်မြတ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် မာဂဓီသာစည် ဆရာတော် ဒေါက်တာဘဒ္ဒန္တနေမိန္ဒ (သဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ပင့်သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ပူဇော်ကြပြီး တက်ရောက်လာကြသည့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစန်းထွန်းက (၄၈)ကြိမ်မြောက် ဓမ္မစကြာပူဇော်ပွဲနှင့် ပတ်သက်၍ လျှောက်ထားပြီး မာဂဓီသာစည် ဆရာတော် ဒေါက်တာဘဒ္ဒန္တနေမိန္ဒ (သဒ္ဓမ္မဇောတိကဓဇ)ထံမှ အလှူရှင်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ အဖွဲ့ချုပ် ပင်တိုင်ဝတ်ရွတ်အဖွဲ့မှ ဓမ္မစက္ကပဝတ္တနသုတ်တော်မြတ်အား ရွတ်ပွားသရဇ္ဈာယ် ပူဇော်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့ရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို

**ကျိုင်းတုံ ဇူလိုင် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ဘုရားစေတီပုထိုးများ၌ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ယနေ့တွင် ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုကြသူများဖြင့် စည်ကားလျက်ရှိသည်။



အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဘုရားစေတီပုထိုးများ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း စသည့် သူတော်ကောင်း တရားများအားထုတ်ကြသည့် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၌ ဇူလိုင် ၉ ရက် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများ၊ ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်သူများဖြင့် စည်ကားလျက်ရှိစဉ်။

ဇလွန်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ပဲခူးမြို့ရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား



**ပဲခူး ဇူလိုင် ၉**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး အပါအဝင် ပဲခူးမြို့ရှိ ဘုရားစေတီများ၌ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများနှင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

"သန္ဒေ တောထွက် ဓမ္မစက် တန်ခိုးပြာဋိဟာ" ဟူသော မြတ်ဗုဒ္ဓ၏ ထူးမြတ်သောဖြစ်စဉ်လေးမျိုးဖြစ်ပေါ်ခဲ့သည့် ဤဝါဆိုလပြည့်နေ့သည် ထူးမြတ်သည့်နေ့ထူးနေ့မြတ်ဖြစ်ပေသည်။

အဆိုပါ နေ့ထူးနေ့မြတ်တွင် ပဲခူးမြို့ရှိ ဆုတောင်းပြည့် ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီးအပါအဝင် ကျိုက်ပညာယျ စေတီတော်မြတ်ကြီး၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းဘုရား၊ စိန်သာလျောင်းဘုရား၊ ကျိုက်ပွန်ဘုရား၊ ဟသ်ာကုန်းဘုရား၊ ရွှေဂူကြီးဘုရား၊ ရွှေဂူလေးဘုရားတို့တွင် ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူး လာရောက်ကြသူများသည် ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ ကပ်လှူပူဇော်ခြင်း စသည့် ကုသိုလ်ပြုသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## သထုံမြို့နယ်၌ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ဥပုသ်သီလဆောက်တည်ခြင်း၊ ကုသိုလ်ဒါနပြုလုပ်ခြင်းတို့ဖြင့်စည်ကား

**သထုံ ဇူလိုင် ၉**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဘုရားစေတီများ၊ ကျောင်းကန်ပုထိုးများတွင် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)၌ ဗုဒ္ဓဘာသာဝင်ပြည်သူများ အေးချမ်းစွာ ဥပုသ်သီလဆောက်တည်ခြင်း၊ ကုသိုလ်ဒါနပြုလုပ်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) နံနက်ပိုင်းမှစတင်ကာ သထုံမြို့၏ ကျက်သရေဆောင်လေးဆူဓာတ်စံရွှေစာရံစေတီမြတ်ကြီးအပါအဝင် မြို့နယ်အတွင်း ထင်ရှားသည့် စေတီပုထိုးများ၌ ပြည်သူများ ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူခြင်း၊ ဝါတွင်းတရားဓမ္မသဘင်များ ဆင်ယင်ကျင်းပခြင်း၊ ရပ်ကွက်/ကျေးရွာများရှိဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ကာ တရားဘာဝနာပွားများခြင်း၊ ဝါဆိုသင်္ကန်းများလှူဒါန်းခြင်း၊ လှူဖွယ်ပစ္စည်းစသည်ဖြင့် ဆက်ကပ်လှူဒါန်းခြင်းတို့ကို အေးချမ်းပျော်ရွှင်စွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၌ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ဥပုသ်သီတင်းသီလဆောက်တည်သူများဖြင့် စည်ကားများပြား

**ဟိုင်းကြီးကျွန်း ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၌ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ဥပုသ်သီတင်းသီလဆောက်တည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်ကြသူများသည် ကုန်းလမ်း၊ ရေလမ်းမှ သင်္ဘောများ၊ ကားများဖြင့် လာရောက်ကြပြီး ဘုရားကုန်းတော်အနီးရှိ တည်းခိုရိပ်သာများနှင့် ကုန်းတော်အောက်ရှိ အနှုတ်(၁၂) Level အတွင်း အနားယူအပန်းဖြေကြပြီး မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၌ ဥပုသ်သတင်းသီလဆောက်တည်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များပြုလုပ်ခြင်း၊ ပရိတ်/ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ နဂါးစာကျွေးခြင်းတို့ကို ပြုလုပ်ကြသည့်အပြင် ပင်လယ်ကမ်းခြေ၏ သဘာဝအလှများကို ကြည့်ရှုခံစားပြီး ငွေတောင်ရေချိုးဆိပ်တွင် ရေချိုးအပန်းဖြေခြင်း၊ ဟိုင်းကြီးကျွန်းပေါ်ရှိ သမိုင်းဝင်နေရာများနှင့် ဘုရားစေတီပုထိုးများအား သွားရောက်ဖူးမြော်ခြင်း၊ ကျောက်ကလပ်သို့သွားရောက်၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ရုံးပိတ်ရက်များတွင် တည်းခိုဆောင်ပြည့်သည်အထိ နေ့ချင်းပြန်လာရောက် လည်ပတ်ကြသလို ညအိပ် တည်းခိုသူများလည်း ရှိကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ဝန်းသိုမြို့နယ်၌ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ဝန်းသို ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့တို့၏ဦးဆောင်မှုဖြင့် ၁၃၈၇ ခုနှစ် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယမန်နေ့ ညနေ ၃ နာရီက ကျင်းပသည်။

အဆိုပါမြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ရာတွင် မြို့ပေါ်ကျောင်းတိုက်အသီးသီးရှိ သံဃာတော်များ၊ သီလရှင်များ စုစုပေါင်း ၁၅၉ ပါးတို့က မဟာမုန်ကျောင်း ကျောင်းတိုက်ရှေ့စုရပ်မှ မြို့နယ်ပြည်သူ့ဆေးရုံလမ်း၊ ဟော်တော်ဦးဘုရားလမ်း၊ မြို့မဈေး တောင်ဘက်လမ်းနှင့် အနောက်ဘက် လမ်းတို့ကို လှည့်လည်ကြွရောက်တော်မူရာ နယ်မြေခံတပ်နယ်မှ တပ်မတော်သားမိသားစုများ၊ ကောလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး အောင်မျိုးသူနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူအလှူရှင်များ စုစုပေါင်း ၁၅၀၀ ခန့်က ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီး ဘုရား၊ စေတီတော်မြတ်ကြီးများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ပခုက္ကူ ဇူလိုင် ၉**

ဝါဆိုလပြည့်နေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီး ဘုရား၊ စေတီတော်မြတ်ကြီးများ၌ ယနေ့နံနက်ပိုင်းက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

ပခုက္ကူမြို့သည် ဗုဒ္ဓဘာသာသာသနာထွန်းကားရာ မြို့တစ်မြို့ဖြစ်သည်နှင့်အညီ သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူမြတ်စွာဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးစသည့် ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများ တည်ရှိရာမြို့လည်းဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများနှင့် ဒေသခံပြည်သူများ အနေဖြင့် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားသည့် နေ့ထူးနေ့မြတ် ဝါဆိုလပြည့်နေ့ရောက်တိုင်း ဘုရား၊ စေတီတော်မြတ်ကြီးများရှိ ဗုဒ္ဓရုပ်ပွားတော်များအားရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်းတို့ဖြင့် လာရောက်ကုသိုလ်ယူကြသည်ကို တွေ့ရသည်။

ထို့ပြင် ပခုက္ကူမြို့ ဘုန်းတော်ကြီးကျောင်း၊ စာသင်တိုက်များရှိ ဆရာတော် သံဃာတော်များထံမှ ဥပုသ်သီလတရား နာယူသူများ၊ ဘုရား၊ စေတီတော်ရင်ပြင်များတစ်လျှောက် အဘိဓမ္မာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်သူများ၊ ပန်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းသူများ၊ ငါးစာကျွေးသူများ စသည့် ကုသိုလ်ကောင်းမှု ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



**ဘာမီသာ(ပခုက္ကူ)**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# သီရိလင်္ကာနိုင်ငံက ၂၀၂၆ နှစ်ကုန်တွင် အလယ်တန်းကျောင်းအားလုံး အင်တာနက်သုံးစွဲခွင့်ရရှိရေး လုပ်ဆောင်



ကိုလံဘို ဇူလိုင် ၉

သီရိလင်္ကာနိုင်ငံအတွင်းရှိ အလယ်တန်းကျောင်းအားလုံးသည် ၂၀၂၆ နှစ်ကုန်တွင် အင်တာနက်သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဟာရီနီ အမာရာဆူရီယာက ဇူလိုင် ၉ ရက်တွင် ပြောကြားလိုက်သည်။

သီရိလင်္ကာအစိုးရအနေဖြင့် တစ်လလျှင် ရူပီး ၅၀၀၀ ခန့် (အမေရိကန်ဒေါ်လာ ၁၇ ဒေါ်လာခန့်) ကျသင့်မည့် အကန့်အသတ်မဲ့ ဒေတာပက်ကေ့ချ် အစီအစဉ်ကို မကြာသေးမီက စတင်အကောင်အထည်ဖော်ခဲ့ကြောင်း အမာရာဆူရီယာက လွှတ်တော်သို့ ပြောကြားခဲ့သည်။

သီရိလင်္ကာအစိုးရသည် ကျောင်း ၁၅၀၀ ခန့်အတွက် ကွန်ပျူတာဖြင့် ချိတ်ဆက်အသုံးပြုနိုင်သည့် ဒစ်ဂျစ်တယ်စမတ်သင်ပုန်းများနှင့် အခြားကွန်ပျူတာဆက်စပ်ပစ္စည်းများကို ပံ့ပိုးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်းလည်း သိရသည်။

အမာရာဆူရီယာ၏ ပြောကြားချက်အရ အဆိုပါကျောင်းများသည် စမတ်သင်ပုန်း စုစုပေါင်း ၁၉၀၀ လက်ခံရရှိမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့က နောက်ထပ်ကျောင်း ၁၀၀၀ အတွက် စမတ်သင်ပုန်းပံ့ပိုးပေးရန် အဆိုပြုချက်ကိုလည်း အတည်ပြုထားကြောင်း သိရသည်။

သီရိလင်္ကာအစိုးရသည် ပညာရေးကဏ္ဍအဆင့်အားလုံးကို လွှမ်းခြုံနိုင်မည့် အမျိုးသားပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တစ်ရပ်ကို တည်ဆောက်လျက်ရှိသည်။ **ဆင်ဟွာ**



# တက္ကဆက်ပြည်နယ်၌ ရေကြီးမှုကြောင့် ပျောက်ဆုံးသူ ၁၆၁ ဦးရှိလာ

တက္ကဆက် ဇူလိုင် ၉

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ လွန်ခဲ့သည့်သီတင်းပတ်ကဖြစ်ပွားခဲ့သည့် ကြောက်မက်ဖွယ်ရေကြီးမှုကြောင့် ခရိုင်တစ်ခုတည်း၌ပင် ပျောက်ဆုံးနေသူ ၁၆၁ ဦးရှိလာပြီဟု သိရသည်။ တက္ကဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂရက်အက်ဘော့သည် ဇူလိုင် ၈ ရက်က ရေကြီးမှုဖြစ်ပွားရာနေရာသို့ လာရောက်ခဲ့ပြီးနောက် ပြည်နယ်အတွင်း သေဆုံးသူဦးရေမှာ ၁၀၉ ဦးခန့်ရှိလာပြီဟု သတင်းထောက်များကို ပြောသည်။

ကာ့ခ်ခရိုင်တစ်ခုတည်းတွင် ပျောက်ဆုံးသူ ၁၆၁ ဦးရှိပြီး အဆိုပါခရိုင်မှာ ရေကြီးမှုဒဏ်အဆိုးရွားဆုံးခံစားခဲ့ရသည့် ခရိုင်ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောသည်။

ဇူလိုင် ၄ ရက် အစောပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ဂွါဒါလူပီမြစ် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည်။

နှစ်နာရီအတွင်း မြစ်ရေမှာ ၁၀ မီတာခန့် တက်လာခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။ ရေကြီးမှုကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ မြစ်ကြောင်းတစ်လျှောက် ရေကြီးရေလျှံမှု သတိပေးချက် ဥပြသံများ မပေးခဲ့သည့်အတွက် ဒေသဆိုင်ရာ အာဏာပိုင်များသည် စစ်ဆေးမှုများနှင့် ရင်ဆိုင်နေရသည်။

အဆိုပါ အခြေအနေနှင့်ပတ်သက်၍ အုပ်ချုပ်ရေးမှူးက အနာဂတ်တွင် အလားတူရေကြီးရေလျှံမှုမျိုးကို ကာကွယ်နိုင်မည့် ကာကွယ်ရေးစနစ်များ လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရေကြီးမှုဖြစ်ပွားရာဒေသသို့ ဇူလိုင် ၁၁ ရက်တွင် လာရောက်မည်ဟု ခန့်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်၏ အကောက်ခွန်ကိစ္စအပေါ် စိုးရိမ်ဟု အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပြောကြား

ကွာလာလမ်ပူ ဇူလိုင် ၉

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)မှ နိုင်ငံခြားရေးဝန်ကြီးများသည် အမေရိကန်၏ အကောက်ခွန်ကိစ္စအပေါ် စိုးရိမ်ကြောင်း မလေးရှားနိုင်ငံ၌ကျင်းပသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ယခုနှစ်အစည်းအဝေးများကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇူလိုင် ၉ ရက်က ကျင်းပခဲ့သည်။ ဆွေးနွေးရန်ကိစ္စရပ်များတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က ကြေညာထားသော အခွန်အကောက်ကိစ္စရပ်များ ပါဝင်သည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်သည် ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ထရမ့်၏ အခွန်စည်းကြပ်မှုကိစ္စကို ပြောကြားခဲ့သည်။ အခွန်စည်းကြပ်မှု၊ ပို့ကုန်ကန့်သတ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတားအဆီးများသည် ယခုအခါ ပထဝီနိုင်ငံရေးပြိုင်ဆိုင်မှု၏ ထက်မြက်သော လက်နက်ကိရိယာများ ဖြစ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး အာဆီယံအသင်း၏ စည်းလုံးညီညွတ်မှုကို တောင်းဆိုခဲ့သည်။

ဇူလိုင် ၉ ရက် အစည်းအဝေးကို တံခါးပိတ်ဆွေးနွေးခဲ့ကြသည်။ အမေရိကန်၏အကောက်ခွန်ဆောင်ရွက်မှုများသည် အာဆီယံ၏ စီးပွားရေးတိုးတက်မှုနှင့် တည်ငြိမ်မှုအပေါ် တစ်စုံတစ်ခု အကျိုးသက်ရောက်လာမည်ကို အဖွဲ့ဝင်နိုင်ငံများက စိုးရိမ်လျက်ရှိကြောင်း သံတမန်သတင်းရင်းမြစ်များက ပြောသည်။ အမေရိကန်၏ အကောက်ခွန်ဆိုင်ရာအစီအမံများကို တုံ့ပြန်ရာတွင် အာဆီယံနိုင်ငံများအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် စည်းကြပ်ခွန်ကောက်ခံမည့်ကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် ဇူလိုင် ၁၀ ရက်တွင် တွေ့ဆုံသွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဂါဇာအခြေအနေနှင့်ပတ်သက်၍ ကာတာနှင့်အီဂျစ် ဝန်ကြီးချုပ်များ ဆွေးနွေး

ဒိုဟာ ဇူလိုင် ၉

ကာတာဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်မိုဟာမက်ဘင် အဗ္ဗဒူရာမန်ဘင်ဂျက်စမင် အယ်-သာနီသည် ဇူလိုင် ၈ ရက်က အီဂျစ်ဝန်ကြီးချုပ် မိုစတာဖာ ခါမယ် မက်ဘူလီနှင့် တွေ့ဆုံကာ ဂါဇာကမ်းမြောင်ဒေသအခြေအနေများနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အဓိကထားဆွေးနွေးခဲ့ကြသည်ဟု ကာတာနိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဂါဇာကမ်းမြောင်ဒေသ အခြေအနေအပါအဝင် ဒေသတွင်း နောက်ဆုံး အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြသည်။ ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိစေရန် အီဂျစ်နိုင်ငံနှင့် ကာတာနိုင်ငံတို့ ကြိုးပမ်းအားထုတ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

# ဦးနှောက်အမြေးရောင်ရောဂါဖြစ်ပွားမှု မြင့်မားလာဟု ဂါဇာကျန်းမာရေးအာဏာပိုင်များ သတိပေး

ဂါဇာ ဇူလိုင် ၉

ဂါဇာဒေသရှိပြည်သူများ အထူးသဖြင့် ကလေးငယ်များတွင် ဦးနှောက်အမြေးရောင်ဖြစ်ပွားမှုမှာ စိုးရိမ်ဖွယ်မြင့်မားလာသည်ဟု ဂါဇာဒေသရှိ ကျန်းမာရေးအာဏာပိုင်များက သတိပေးခဲ့သည်။

အသက်ငါးနှစ်အောက် ကလေးငယ်များကြားတွင် ဦးနှောက်အမြေးရောင်ရောဂါဖြစ်ပွားမှု အရေအတွက် သိသိသာသာတိုးလာကြောင်း အာဏာပိုင်များက သတင်းထုတ်ပြန်ထားသည်။ ဆေးရုံများပိတ်ထားခြင်း သို့မဟုတ် ပျက်စီးနေခြင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ယိုယွင်းလာခြင်း၊ ဆေးသိုလှောင်မှုများ ပျက်စီးယိုယွင်းလာခြင်းနှင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေးများ ပြတ်လပ်ခြင်းတို့ကြောင့် ရောဂါအရေးပေါ်တုံ့ပြန်ရေးအတွက် အကန့်အသတ်များရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ရွှက်ဖျင်တဲများတွင် နေရသည့်အခြေအနေများ၊ သောက်သုံးရေပြတ်လပ်မှုနှင့် မိလ္လာရေဆိုးများ ပျံ့နှံ့မှု အမှိုက်များစုပုံလာမှုတို့ကြောင့် ကျန်းမာရေးအခြေအနေကို ပိုမိုဆိုးရွားစေကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ကျန်းမာရေးနှင့်ပတ်သက်၍ လူနေထိုင်မှုအခြေအနေများကိုမြှင့်တင်ပေးရန်နှင့် ယခုအခြေအနေများကို ကြားဝင်ဖြေရှင်းပေးရန် အာဏာပိုင်များက တောင်းဆိုခဲ့သည်။

ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကလေးသူငယ်များကြားတွင် ရောဂါဖြစ်ပွားနိုင်ခြေရှိမှုတို့ကို လျှော့ချရန်အတွက် ဒေသခံများအနေဖြင့် ကျန်းမာရေးလမ်းညွှန်ချက်များကို လိုက်နာကြရန်လည်း တိုက်တွန်းထားသည်။ **ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ၌ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း လူပေါင်း ၂၃၀၀၀၀ ကျော် ကင်ဆာရောဂါကြောင့်သေဆုံးမှုမှ ကာကွယ်နိုင်ခဲ့ဟုဆို

ဆစ်ဒနီ ဇူလိုင် ၉

ဩစတြေးလျနိုင်ငံ၌ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ကင်ဆာရောဂါကာကွယ်ရေး၊ စစ်ဆေးရေးနှင့် ကုသရေးတို့တွင် ဆယ်စုနှစ်များစွာ ရင်းနှီးမြှုပ်နှံခဲ့သည့်အတွက် လူပေါင်း ၂၃၀၀၀၀ ကျော်အား ကင်ဆာရောဂါကြောင့် သေဆုံးမှုမှ ကာကွယ်နိုင်ခဲ့သည်ဟု လေ့လာမှုတစ်ရပ်တွင် ဖော်ပြထားသည်။

ဆေးလိပ်ဖြတ်ရေးလှုပ်ရှားမှုများက အဆုတ်ကင်ဆာကြောင့် သေဆုံးမှုများအား သိသိသာသာ ကျဆင်းစေကြောင်း၊ ကင်ဆာရောဂါ စစ်ဆေးမှုများနှင့် ဆေးဝါးကုသမှုများ တိုးတက်ကောင်းမွန်လာခြင်းကလည်း ရင်သား၊ သားအိမ်ခေါင်းနှင့် အစာအိမ်ကင်ဆာရောဂါများကြောင့် သေဆုံးမှုနှုန်းကို လျှော့ချနိုင်ခဲ့ကြောင်း အဆိုပါလေ့လာမှုကို ဦးဆောင်သည့် သုတေသီ ဘရီဂစ်လင်းချ်က ပြောသည်။

၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ကင်ဆာရောဂါကြောင့် သေဆုံးနိုင်ခြေမှာ အမျိုးသားများအတွက် ၂၀ ရာခိုင်နှုန်း လျော့ကျသွားပြီး အမျိုးသမီးများအတွက် ၁၁ ရာခိုင်နှုန်း လျော့ကျသွားကြောင်း အဆိုပါလေ့လာမှုတွင် ဖော်ပြထားသည်။ သို့သော်လည်း အသည်းနှင့် ဦးနှောက်ကင်ဆာတို့မှာ သေဆုံးမှုမြင့်တက်နေဆဲဖြစ်ကြောင်း သတိပေးထားသည်။ **ဆင်ဟွာ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၂၁၂၈၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၃၇ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၂ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၆၄၅၉၅၂၇) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ CHINA Southern Airlines လေယာဉ် ခရီးစဉ်အမှတ် CZ-3055/ SF – 6342 ဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် တရုတ်နိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၈၀၀၀၀) ကိုလည်းကောင်း၊ လေဆိပ် (ကုန်လှောင်ရုံ) ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၆၃၈၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၁၂၆၇၁၈၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ(၅)လမ်းရှိ ကမ်းနားဂိုဒေါင် တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ငါးစီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၆၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Station Waogon လေးစီး၊ Nissan Wingroad Station Wagon တစ်စီး၊ Mazda Familia Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၆၆၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဖလုံကျေးရွာအနီး၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၉၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ အလားတူ ဇူလိုင် ၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၆ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၅ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၇၇၇၇၆,၇၇၇) ကို ဖမ်းဆီးရမိခဲ့ပြီး ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

*✱ ကျောဖုံးမှ*

အဆိုပါပွဲစဉ်ကို အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်ရှိ မက်လိုက်ဖ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၇၀ ၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ချယ်ဆီးအသင်း တိုက်စစ်ကစားသမားသစ် ဂျာအိုပက်ဒရိုအထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် နှစ်ဂိုးစလုံးသွင်းယူနိုင်ခဲ့သည်။ ထို့အပြင် ၎င်းသည် တစ်ရာသီအတွင်း ချယ်ဆီးအသင်းအတွက် ဂိုးသွင်းယူနိုင်သည့် ၂၁ ဦးမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဖလူမီးနိစ်အသင်းသည် ပွဲအစပိုင်းမိနစ်များတွင် ချယ်ဆီးအသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကို ခုခံကာကွယ်ခဲ့ရပြီး တုံ့ပြန်တိုက်စစ်ဆင်ကစားနိုင်ခဲ့သော်လည်း နိုင်ပွဲမရရှိခဲ့ပေ။ ချယ်ဆီးအသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ တတိယအကြိမ်မြောက် တက်လှမ်းနိုင်ခြင်းဖြစ်သည်။ ချယ်ဆီးအသင်းသည် ယခင် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲနှစ်ကြိမ်တွင် တစ်ကြိမ်နိုင်ပြီး တစ်ကြိမ်ရှုံးနိမ့်ထားသည်။ ချယ်ဆီးအသင်းသည် ယခုနှစ် ကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ရီးရဲမက်ဒရစ်နှင့် ပီအက်စ်ဂျီအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် လာမည့် ဇူလိုင် ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

*❖ ကျောဖုံးမှ*

မော်တော်ယာဉ်အား စစ်ဆေးရှာဖွေခဲ့ရာ ဘိန်းဖြူ ၁၄၈ ဒသမ ၇၉၇ ကီလို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ဘိန်းဖြူများကို မိုင်းရယ်မြို့မှ မန္တလေးမြို့သို့ သယ်ဆောင်ခိုင်းသူ နန်းသီရိအောင်(ခ)ဘောပြားမ၊ ဟန်ထွန်းနိုင်(ခ)စိုင်းကျော်မိန်းနှင့် စောရန်နိုင်တို့ကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် လွိုင်လင်မြို့နယ် ပင်လုံ-လဲချားသွားကားလမ်းတွင် FORD RANGER မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့သုံးဦးအနက် ဟန်ထွန်းနိုင်(ခ) စိုင်းကျော်မိန်းသည် မူးယစ်အမှုများဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဘုန်းမြင့်ကျော်(ခ)ဦးတီပွားနှင့် ဇော်ဇော်နောင်(ခ)ကိုနောင်တို့ကို အောင်ပန်းမြို့ လှည်းရိုးရပ်ကွက်ရှိ နေအိမ်တွင် ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ဘုန်းမြင့်ကျော် (ခ) ဦးတီပွားမှာလည်း မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်းသိရှိရပြီး ဖော်ထုတ်ချက်အရ သီပေါမြို့နယ် ကုန်းသာကျေးရွာနေ အောင်ဖြိုးသူနှင့် မိုင်းရယ်မြို့နေ စိုင်းစောတို့မှ မူးယစ်ဆေးဝါးများအား လွှဲပြောင်းပေးခဲ့သူများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ။

# ကချင်ပြည်နယ် ဖားကန့်မြို့၌ KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့အရပ်သားပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ အရပ်သားပြည်သူတစ်ဦး သေဆုံး

**နေပြည်တော် ဇူလိုင် ၉**




အကြမ်းဖက် သမားများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိစေရန်နှင့် အကြောက်တရားများလွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၈ ရက် ည ၉ နာရီ ၅၅ မိနစ်တွင် ကချင်ပြည်နယ် ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်သို့ KIA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူ ထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရုံးဝင်းအတွင်းရှိ သွပ်မိုး/ပျဉ်ကာ ၆ ခန်းတွဲ နေအိမ်လိုင်းခန်းပေါ်သို့ လက်နက်ကြီးဖုံးသီး တစ်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် နေအိမ်လိုင်းခန်းအတွင်း နေထိုင်သူများ ဖြစ်ကြသည့် ဒေါ်မေရီဇင်အောင် (၃၄) နှစ်တွင် ဖုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး အဆိုပါရုံးမှ ယာဉ်မောင်းဖြစ်သူ ဦးသန်းထိုက်စိုး (၃၃) နှစ်၊ ဒေါ်အေးအေးခိုင် (၄၇) နှစ်နှင့် ဒေါ်နွဲ့ကြည်(၆၂)နှစ်တို့ သုံးဦးတွင် ဖုံးသီးပေါက်ကွဲစထိမှန် ဒဏ်ရာများအသီးသီးရရှိခဲ့၍ သေဆုံး/ဒဏ်ရာရရှိသူများအား ဖားကန့်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသည့် နေရာများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်နေမှုများကြောင့် နိုင်ငံ့ဝန်ထမ်းနှင့် မိသားစုဝင်များ ထိခိုက်ဒဏ်ရာရရှိမှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ko Naing (user886751789)” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ခုနစ်တိုင်းကျေးရွာနေ အောင်နိုင်ဝင်းအား နံနက် ၁၀ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှေးအစဉ်အလာမှ ယနေ့ထိတိုင် ကမ္ဘာ့ကျန်းမာရေးခြိမ်းခြောက်မှု ကျွဲ၊ နွား ဒေါင့်သန်းရောဂါ

ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)

ဒေါင့်သန်း (Anthrax) ရောဂါသည် လွန်ခဲ့သော နှစ်ပေါင်း ၅,၀၀၀ ကတည်းက လူနှင့်တိရစ္ဆာန်များကို ဒုက္ခပေးခဲ့သော ရှေးကျသည့်ရောဂါ (Ancient Disease) ဖြစ်သော်လည်း ယနေ့ ၂၁ ရာစုတွင်ပင် ကမ္ဘာ့နေရာအများအပြားတွင် စိုးရိမ်ရသော ကျန်းမာရေး ခြိမ်းခြောက်မှုအဖြစ် ရှိနေဆဲဖြစ်သည်။ ကမ္ဘာတစ်ဝန်းနှင့် အာရှဒေသအချို့ (အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အီရန်၊ တူကီယဲနှင့် မြန်မာနိုင်ငံအပါအဝင်)တွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့် တိရစ္ဆာန်များတွင် အဖြစ်များသော ရောဂါအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် ခြောက်သွေ့ဇုန်ဒေသများ (ဥပမာ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်ပွားလေ့ရှိသည်။ ဒေါင့်သန်းရောဂါ (Anthrax) သည် Bacillus anthracis ဗက်တီးရီးယားကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး စားမြုံ့ပြန်သတ္တဝါများ (ဥပမာ- နွား၊ သိုး၊ ဆိတ်)တွင် အချိန်တိုအတွင်း အသက်ဆုံးရှုံးမှုများဖြစ်စေနိုင်ကာ လူသို့လည်း ကူးစက်နိုင်သော (Zoonosis) ရောဂါတစ်မျိုးဖြစ်သည်။ ဤဗက်တီးရီးယားပိုးမှ ထုတ်လုပ်သော အလွန်ပြင်းထန်သည့် အဆိပ်အတောက်များကြောင့် ဆိုးရွားသည့်လက္ခဏာများ ပေါ်ပေါက်လာပြီး အသက်ဆုံးရှုံးမှုနှုန်း အလွန်မြင့်မားသည်။ ဤရောဂါပိုး (Bacillus anthracis) သည် မျိုးစေ့(Spores)အဖြစ် မြေကြီးအတွင်း နှစ်ပေါင်းများစွာ အသက်ရှင်နိုင်ပြီး အောက်ဆီဂျင်နှင့် ထိတွေ့ပါက Vegetative cells (အသက်ရှင်ဆဲပိုးများ)အဖြစ် ပြောင်းလဲနိုင်ပြီး လျင်မြန်စွာ ပွားများနိုင်သည်။ ဒေါင့်သန်းရောဂါသည် လူမှလူသို့ တိုက်ရိုက်မကူးစက်နိုင်သော်လည်း ရောဂါပိုးရှိသော တိရစ္ဆာန်များနှင့် ထိတွေ့မိပါက လူသားများတွင် ပြင်းထန်သော ရောဂါလက္ခဏာများ ဖြစ်ပေါ်စေနိုင်သည်။ အထူးသဖြင့် မွေးမြူရေးလုပ်ငန်းနှင့်သက်ဆိုင်သူများ၊ ကျေးလက်ဒေသများတွင် နေထိုင်သူများသည် ပိုမိုသတိထားရန် လိုအပ်သည်။ မွေးမြူရေးနှင့် တောရိုင်းတိရစ္ဆာန်များ (အထူးသဖြင့် စားမြုံ့ပြန်သတ္တဝါများ)သည် ရောဂါပိုးဝင်ရောက်ပါက ရောဂါလက္ခဏာများ ရုတ်တရက်ပြင်းထန်စွာ ပေါ်ပေါက်လေ့ရှိသည်။ လူသားများတွင် အရေပြားရောဂါ (cutaneous anthrax) ကို အတွေ့များသော်လည်း အဆုတ်နှင့်အူလမ်းကြောင်းဆိုင်ရာ အန်သရက်စ်များမှာ ပိုမိုပြင်းထန်သည်။ ဒေါင့်သန်းရောဂါသည် လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ဆက်စပ်မှုမှတစ်ဆင့် ကူးစက်ပျံ့နှံ့သောကြောင့် (One Health) ချဉ်းကပ်မှုဖြင့် ကာကွယ်ခြင်းသည် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။ ကမ္ဘာ့လူဦးရေ တိုးပွားလာမှု၊ မြို့ပြအခြေချနေထိုင်မှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့သည် တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သော ဇူနိုးတစ်ရောဂါ များ (Zoonotic diseases) ပေါ်ပေါက်လာခြင်းနှင့် ပြန်လည်ထကြွလာမှုကို အရှိန်မြှင့်တင်ပေးလျက်ရှိသည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း လူသားများကို ကူးစက်ခဲ့သော ရောဂါအသစ်များ၏ ၇၅ ရာခိုင်နှုန်းခန့်သည် တိရစ္ဆာန်မှလူသို့ ကူးစက်သောရောဂါများ (Zoonotic diseases) ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ ထုတ်ပြန်ထားသည်။ ဤအချက်အလက်သည်လူသားတို့၏ကျန်းမာရေးကိုကာကွယ်ရန်အတွက် တိရစ္ဆာန်များတွင် ဖြစ်ပွားသောရောဂါများကို စောင့်ကြည့်ခြင်းနှင့် ထိန်းချုပ်ခြင်း၏ အရေးပါမှုကို ပေါ်လွင်စေပါသည်။ ထို့ကြောင့် ဇူနိုးတစ်ရောဂါများသည် တိရစ္ဆာန်ကျန်းမာရေးနှင့် လူသားကျန်းမာရေးအကြားနယ်စပ်တွင် ရှိနေပြီး ရောဂါထိန်းချုပ်ရေးအောင်မြင်ရန် တိရစ္ဆာန်ကျန်းမာရေး၊ လူသားကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပေါင်းစပ်ကိုင်တွယ်ရန် လိုအပ်သည်။ One Health ချဉ်းကပ်မှု၊ ပြည်သူ့အသိပညာမြှင့်တင်ခြင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများသည် ဤရောဂါများကို ကာကွယ်ရာတွင် အရေးပါသော အစိတ်အပိုင်းများဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း One Health သည် ကာကွယ်ဆေးသုတေသနမှ လူထုအသိပညာပေးရေးအထိ ပြဿနာအမျိုးမျိုးကို ဖြေရှင်းရာတွင် အောင်မြင်သော ဗျူဟာတစ်ရပ်ဖြစ်ကြောင်း သက်သေပြခဲ့သည်။





### အန်သရက်စ်ရောဂါ၏ ကူးစက်ပျံ့နှံ့မှုစက်ဝန်း

Bacillus anthracis (ဒေါင့်သန်းရောဂါပိုး) သည် တောရိုင်းတိရစ္ဆာန်များ၊ မွေးမြူရေး တိရစ္ဆာန်များ (နွား၊ ကျွဲ၊ သိုး၊ ဆိတ်) နှင့် သဘာဝပတ်ဝန်းကျင်အကြား ဂေဟဗေဒဆိုင်ရာ အပြန်အလှန်သက်ရောက်မှုများကြောင့် ကူးစက်ပျံ့နှံ့လေ့ရှိပါသည်။ Bacillus anthracis သည် သေဆုံးသောတိရစ္ဆာန်၏ ခန္ဓာကိုယ်အတွင်း အောက်ဆီဂျင်မရှိသော အခြေအနေတွင် spores အဖြစ်သို့ပြောင်းလဲသွားသည်။ တိရစ္ဆာန်သေဆုံးပြီး ဆွေးမြည့်သောအခါ spores များကို သွေး၊ lymph အရည်၊ တစ်ရှူးအရည်များမှတစ်ဆင့် မြေဆီလွှာထဲသို့ ပြန်လည်ထုတ်လွှတ်လိုက်သည်။ Bacillus anthracis ၏ sporulation (spores အဖြစ် ပြောင်းလဲခြင်း) နှင့် သဘာဝပတ်ဝန်းကျင်တွင် ကြာရှည်စွာ အသက်ရှင်နိုင်မှုသည် ဒေါင့်သန်းရောဂါကို ထိန်းချုပ်ရခက်စေသော အဓိကအကြောင်းရင်းဖြစ်သည်။

### မြေဆီလွှာနှင့် ရာသီဥတု

Bacillus anthracis ဗက်တီးရီးယား၏ စပိုး (spores) များသည် Exosporium, Coat, Cortex စသည့် အလွှာများပါသဖြင့် ပြင်ပပတ်ဝန်းကျင်ဒဏ်ကို အလွန်ခံနိုင်ရည်ရှိပြီး ခြောက်သွေ့သောဒေသများ (ဥပမာ သဲကန္တာရ) နှင့် ရေဝပ်ဒေသများ (ဥပမာ ရွှံ့နွံမြေ၊ စိုစွတ်သော မြေပြင်)တွင် နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ်များစွာ အသက်ရှင်နိုင်သည်။ အပူချိန်မြင့်မားခြင်း (40–60°C) နှင့် ခြောက်သွေ့မှုကို ခံနိုင်ရည်ရှိသည်။ မိုးသည်းထန်စွာ ရွာသွန်းပါက မြေဆီလွှာမှ spores များ မြေမျက်နှာပြင်ပေါ်သို့ ရောက်ရှိလာပြီး စားကျက်များ၊ ရေစည်များတွင်စုပုံနိုင်သည်။ တိရစ္ဆာန်များစားသုံးမိပါက အစာခြေလမ်းကြောင်း အန်သရက်စ် (Gastrointestinal Anthrax) ဖြစ်နိုင်သည်။ ရေလွှမ်းမိုးမှုကြောင့် spores များ ပိုမိုပျံ့နှံ့ကာ ကူးစက်ရောဂါဖြစ်ပွားမှု (Outbreak) ဖြစ်နိုင်သကဲ့သို့ ပူပြင်းခြောက်သွေ့သောရာသီတွင် spores များသည် လေထုထဲတွင် လွင့်မျောနိုင်ပြီး အသက်ရှူလမ်းကြောင်း အန်သရက်စ် ကို ဖြစ်စေနိုင်သည်။

### တိရစ္ဆာန်များ၏အပြုအမူနှင့် ဒေါင့်သန်း (Anthrax) ကူးစက်မှု

ကျွဲ၊ နွားများသည် မြက်စားသည့်အခါ spores များပါဝင်သော မြေမှုန့်များကို အလွယ်တကူရှူရှိုက်မိနိုင်သည်။ ရောဂါပိုးရှိသော မြေ၊ စားကျက်မှ မြက်၊ အစာ၊ ရေ စားသောက်မိခြင်း၊ ရောဂါပိုးပါရှိသည့် လေကိုရှူမိခြင်းဖြင့် တိရစ္ဆာန်သို့ကူးစက်နိုင်သည်။ မိုးဦးကျကာလ နှင့် ရောဂါဖြစ်ဖူးသောဒေသများတွင် အထူးသတိထားကာကွယ်ရန် လိုအပ်သည်။ သေဆုံးသွားသော တိရစ္ဆာန်များကို စားသောက်သည့် အသားစားသတ္တဝါများ (ဥပမာ – ခွေး၊ ကြောင်နှင့် ကြောင်ရိုင်းများ) မှတစ်ဆင့် ရောဂါပျံ့နှံ့နိုင်သည်။ Bacillus anthracis သည် အသက်ရှင်နေသော တိရစ္ဆာန်၏ ခန္ဓာကိုယ်အတွင်း ပုံမှန်အားဖြင့် Vegetative cells (ပွားများနိုင်သောပုံစံ) အဖြစ်ရှိနေပြီး သွေးနှင့်တစ်ရှူးများတွင် ကြီးထွားသည်။ ဤအဆင့်တွင် ဗက်တီးရီးယားများသည် Toxins ထုတ်လုပ်ခြင်းနှင့် ပွားများခြင်းကို စတင်ပြီး ရောဂါဖြစ်စေနိုင်သည်။ လူသားများသည် ရောဂါကူးစက်ခံထားရသော တိရစ္ဆာန်၊ အသား၊ အရေခွံ၊ အမွေး၊ အရိုးများကို ကိုင်တွယ်ခြင်းတို့မှတစ်ဆင့် ကူးစက်နိုင်သည်။ တိရစ္ဆာန်များကို နှစ်စဉ်ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ရောဂါဖြစ်ပွားမှုကိုလျှော့ချနိုင်သည်။ လူသားများသည် ရောဂါအတွက် အဆုံးသတ်လက်ခံသူ (dead-end host) ဖြစ်ပြီး လူမှလူသို့ ကူးစက်မှု မတွေ့ရသေးပါ။ လူသားများတွင် တွေ့ရသော ရောဂါအမျိုးအစားများမှာ-

**(၁) အရေပြားဒေါင့်သန်းရောဂါ (Cutaneous anthrax)**

- ဖြစ်ပွားမှုအများဆုံးအမျိုးအစားဖြစ်သည်။
- လူ့ခန္ဓာကိုယ်အရေပြားရှိ ပြတ်ရှဒဏ်ရာ၊ အနာများအတွင်းသို့ ရောဂါပိုးဝင်ရောက်၍ ဖြစ်ပွားသည်။
- ရောဂါပိုးဝင်ရောက်ပြီးနောက်(၁)ရက်မှ(၇)ရက်အကြာတွင်ဖြစ်ပွားနိုင်သည်။
- ရောဂါလက္ခဏာများမှာ – စတင်ဖြစ်ပွားချိန်တွင် အရေပြား၌ ယားယံသည့်အရည်ကြည်ဖုများ စတင်ဖြစ်ပေါ်ပြီးနောက် ရောင်ရမ်းကာအလယ်တွင် မည်းနေသည့် အနာအဖြစ် ကျန်ခဲ့သည်။ နာကျင်မှုမရှိပါ။ ပြန်ရည်ကျိတ်များပါ ရောင်ရမ်းတတ်သည်။ မျက်နှာ၊ လည်ပင်း၊ ရင်ဘတ်နှင့်လက်များတွင် အတွေ့ရများသည်။

**(၂) အစာအိမ်အူလမ်းကြောင်းတွင် ဖြစ်ပွားသော ဒေါင့်သန်းရောဂါ (Gastrointestinal anthrax)**

- ရောဂါဖြစ်ပွားသည့်တိရစ္ဆာန်များ၏အသားကိုစားခြင်းဖြင့် ဖြစ်ပွားနိုင်သည်။
- ရောဂါပိုးဝင်ရောက်ပြီး (၁)ရက်မှ (၇)ရက်အတွင်း ဖြစ်ပွားသည်။
- ရောဂါလက္ခဏာများမှာ– ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ ဗိုက်အောင့်ခြင်း၊ ဝမ်းလျှောခြင်း၊ သွေးအန်ခြင်း၊ သွေးဝမ်းသွားခြင်းတို့ဖြစ်သည်။

စာမျက်နှာ ၁၇ သို့

❖ ရောဂါပိုးရှိသော မြေ၊ စားကျက်မှ မြက်၊ အစာ၊ ရေ စားသောက်မိခြင်း၊ ရောဂါပိုးပါရှိသည့် လေကိုရှူမိခြင်းဖြင့် တိရစ္ဆာန်သို့ ကူးစက်နိုင်သည်။ မိုးဦးကျကာလနှင့် ရောဂါဖြစ်ဖူးသော ဒေသများတွင် အထူးသတိထားကာကွယ်ရန် လိုအပ်သည်။ သေဆုံးသွားသော တိရစ္ဆာန်များကို စားသောက်သည့် အသားစားသတ္တဝါများ (ဥပမာ - ခွေး၊ ကြောင်နှင့် ကြောင်ရိုင်းများ)မှတစ်ဆင့် ရောဂါပျံ့နှံ့နိုင်သည်

❖ လူသားများသည် ရောဂါအတွက် အဆုံးသတ်လက်ခံသူ (dead-end host) ဖြစ်ပြီး လူမှလူသို့ ကူးစက်မှု မတွေ့ရသေးပါ

*စာမျက်နှာ ၁၆ မှ*

**(၃) အဆုတ်တွင်ဖြစ်သော ဒေါင့်သန်းရောဂါ (Inhalation anthrax / Woolsorter's disease)**

- အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဒေါင့်သန်းရောဂါပိုး (Spores) များ ဝင်ရောက်ခြင်းကြောင့် ဖြစ်ပွားသည်။
- စတင်ဝင်ရောက်ပြီး (၁)ပတ်မှ (၂)လအတွင်း ဖြစ်ပွားသည်။
- ရောဂါလက္ခဏာများမှာ- လည်ချောင်းနာခြင်း၊ ဖျားခြင်း၊ နုံးခြင်း၊ ကြွက်သားများနာခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ အစာမျိုရန် ခက်ခဲခြင်းတို့ ဖြစ်ပွားသည်။
- ပိုမိုဆိုးရွားလာပါက အဖျားကြီးပြီး အသက်ရှူခက်ခြင်း၊ သွေးအန်ခြင်း၊ ဦးနှောက်အမြှေးပါးရောင်ခြင်းတို့အထိ ဖြစ်ပွားပြီး အသက်ဆုံးရှုံးနိုင်သည်။

**(၄) ဦးနှောက်အမြှေးရောင်ခြင်း (Anthrax Meningitis)**

Anthrax meningitis သည် Bacillus anthracis ဗက်တီးရီးယားပိုးကြောင့် ဦးနှောက်နှင့်အာရုံကြောအမြှေးပါးရောင်ရမ်းခြင်းဖြစ်ပြီး အလွန်ပြင်းထန်ကာ အသက်အန္တရာယ်ရှိသော နောက်ဆက်တွဲ ဆိုးကျိုးတစ်ခုဖြစ်သည်။ အရေပြား(Cutaneous)၊ အဆုတ် (Inhalation) သို့မဟုတ် အစာခြေလမ်းကြောင်း (Gastrointestinal) မှတစ်ဆင့် ဒေါင့်သန်းရောဂါဖြစ်ပြီးနောက် ဗက်တီးရီးယားများ သွေးကြောထဲဝင်ကာ ဦးနှောက်အမြှေးဆီ ပျံ့နှံ့ခြင်း၊ အထူးသဖြင့် Inhalation anthrax ဖြစ်သူများတွင် Anthrax meningitis ဖြစ်နိုင်ခြေပိုများသည်။ Anthrax ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားမှုအများစုသည် သေဆုံးမှုဖြင့် အဆုံးသတ်တတ်သည်။ လူသားများသည် ဒေါင့်သန်းရောဂါအတွက် မရည်ရွယ်သော လက်ခံအိမ်ရှင်များ (Accidental hosts) ဖြစ်ပြီး အဓိကအားဖြင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်စသည့် အိမ်မွေးတိရစ္ဆာန်များမှတစ်ဆင့် ကူးစက်တတ်သည်။ လူသားများသို့ ကူးစက်မှုသည် တိရစ္ဆာန်များနှင့် ထိတွေ့မှု (သို့) အညစ်အကြေးပါသော တိရစ္ဆာန်ထွက်ပစ္စည်းများကို ကိုင်တွယ်ခြင်းမှတစ်ဆင့် ဖြစ်ပွားသည်။

**ဒေါင့်သန်း (Anthrax)ရောဂါထိန်းချုပ်ရေးအတွက် One Health ကျန်းမာရေးချဉ်းကပ်မှု**

One Health ဆိုသည်မှာ လူသား၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်(ဂေဟစနစ်)တို့၏ ကျန်းမာရေးသည် အပြန်အလှန်ဆက်စပ်နေပြီး စိန်ခေါ်မှုများကို ဖြေရှင်းရန် ဘက်စုံပူးပေါင်းဆောင်ရွက်ချဉ်းကပ်နည်းဖြစ်သည်။ ဤချဉ်းကပ်မှုသည် အထူးသဖြင့် တိရစ္ဆာန်မှလူသို့ ကူးစက်သောရောဂါများအပါအဝင် ရှုပ်ထွေးသော ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ကဏ္ဍပေါင်းစုံနှင့် ပညာရပ်နယ်ပယ်အသီးသီးမှ ကြိုးပမ်းအားထုတ်မှုများကို ပေါင်းစပ်ရန်ရည်ရွယ်သည်။ ဒေါင့်သန်းရောဂါသည် တိရစ္ဆာန်များတွင် အဖြစ်များသော ရောဂါအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ဤကဲ့သို့ ဆက်လက်တည်ရှိနေခြင်းမှာ လုံလောက်သော ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ မရှိခြင်း၊ လုံလောက်သော သုတေသနပြုမှုများမရှိခြင်းနှင့် ရံဖန်ရံခါဖြစ်ပွားသောရောဂါများကို ကိုင်တွယ်ဖြေရှင်းရာတွင် ညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်းစသည့် အကြောင်းရင်းများစွာကြောင့်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းကို အဓိကအားထားသောဒေသများတွင် လူနှင့် တိရစ္ဆာန်များ အနီးကပ်နေထိုင်ခြင်းကြောင့် အသေကောင်များကို စွန့်ပစ်ခြင်းနည်းလမ်းများနှင့်ပတ်သက်၍ မကြာခဏပဋိပက္ခများဖြစ်ပေါ်တတ်သည်။ စနစ်တကျစွန့်ပစ်ခြင်း မပြုသော တိရစ္ဆာန်အသေကောင်များသည် မြစ်များထဲသို့ ရောက်ရှိသွားနိုင်ပြီး အနီးအနားရှိ လူနှင့်တိရစ္ဆာန်အသိုင်းအဝိုင်းများအတွက် သိသာထင်ရှားသော ရောဂါကူးစက်နိုင်ခြေအန္တရာယ်များကို ဖြစ်ပေါ်စေနိုင်သည်။ ၂၀၁၆ ခုနှစ် ရုရှားနိုင်ငံရှိ Yamal Peninsula ဒေသတွင် Nenet ဒေသခံများအကြား ဒေါင့်သန်းရောဂါ ကူးစက်မှုဖြစ်ပွားခဲ့ပြီး ဤဖြစ်စဉ်သည် ရာသီဥတုပြောင်းလဲမှု(climate change)နှင့် လူသားတို့၏ ကျန်းမာရေးအပေါ် ဆက်နွှယ်မှုကို ထင်ရှားစွာဖော်ပြခဲ့သည်။ ရာသီဥတု ပူနွေးလာမှုကြောင့် ရေခဲများ အရည်ပျော်ကာ ၇၅ နှစ်ကြာ ရေခဲမြေအတွင်း မြှုပ်နှံခဲ့သော အန်သရက်စ်ပိုး (Bacillus anthracis) ပြန်လည် အသက်ဝင်လာကာ ဒေသခံ Nenet တိုင်းရင်းသားများ၏ ရိန်းဒီးယားသမင် ၂၀၀၀ ကျော် သေဆုံးခဲ့ပြီး လူပေါင်း ၉၆ ဦး ကူးစက်ခံရကာ ကလေးငယ် တစ်ဦး သေဆုံးခဲ့သည်။ ရေခဲမြေ (permafrost)သည် နှစ်ရှည်ခဲနေသော အလွှာဖြစ်ပြီး အပူချိန်အလွန်နိမ့်ကာ ဇီဝသက်ရှိများ ရှင်သန်ရန် ခက်ခဲသောနေရာဖြစ်သည်။ သို့သော် Bacillus anthracis သည် စပိုးအဖြစ် ရေခဲမြေအတွင်း နှစ်ပေါင်းရာချီ၍ ငုပ်လျှိုးနေနိုင်ပြီး ရေခဲများ အရည်ပျော်ပါက ပြန်လည်အသက်ဝင်နိုင်သည်။ Yamal Peninsula ဖြစ်ရပ်သည် ရာသီဥတုပြောင်းလဲမှု၏ ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ကိုင်တွယ်ရာတွင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးပုံကို ထင်ဟပ်စေခဲ့သည်။ One Health သည် လူသား ကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဂေဟစနစ်ဆိုင်ရာပညာရပ်များကို ပေါင်းစပ်ကာ ဘက်စုံပူးပေါင်းဆောင်ရွက်သော နည်းဗျူဟာဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအတွက် အထောက်အကူပြုစေပါသည်။ မူဝါဒချမှတ်သူများထံမှ အကြံပြုချက်များကို ပေါင်းစပ်ခြင်းနှင့် လက်တွေ့ကျသော ဖြေရှင်းနည်းများဆီသို့ သုတေသနကို ဦးတည်ခြင်းဖြင့် One Health ချဉ်းကပ်မှုသည် တိရစ္ဆာန်မှ လူသို့ကူးစက်သော ရောဂါများ၏ အရင်းခံအကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ပြီး အလုံးစုံသောကျန်းမာရေး ရလဒ်များကို တိုးတက်စေနိုင်သည်။

**တိရစ္ဆာန်များအား ကာကွယ်ဆေးထိုးနှံခြင်း**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ လမ်းညွှန်ချက်အရ မွေးမြူရေးတိရစ္ဆာန်များတွင် ဒေါင့်သန်းရောဂါကို ထိန်းချုပ်ရန် အထိရောက်ဆုံးနည်းလမ်းမှာ ကာကွယ်ဆေးထိုးနှံခြင်းဖြစ်သည်။ ဒေါင့်သန်းရောဂါကူးစက်မှုကို ကာကွယ်ရန်နှင့် တိရစ္ဆာန်များအကြား အုပ်စုလိုက်ကိုယ်ခံအား (Herd immunity) ဖြစ်ပေါ်စေရန် မွေးမြူရေးတိရစ္ဆာန်များကို ကာကွယ်ဆေး ထိုးနှံခြင်းအစီအစဉ်များ အကောင်အထည်ဖော်ရန် အရေးကြီးပါသည်။ အထူးသဖြင့် ဒေါင့်သန်းရောဂါ အမြဲဖြစ်ပွားနေသောဒေသများတွင် ပုံမှန်ကာကွယ်ဆေးထိုးခြင်းသည် အရေးကြီးပါသည်။ ကျေးလက်ဒေသရှိ ကျွဲ၊ နွား၊ ဆိတ် စသော အိမ်မွေးတိရစ္ဆာန်များကို နှစ်စဉ်ဒေါင့်သန်းရောဂါ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ရောဂါကူးစက်မှုကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်။ တိရစ္ဆာန်များတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် လူသားများအတွက် ကူးစက်မှုအန္တရာယ်ကို အထိရောက်ဆုံး လျှော့ချနိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်သော ကျွဲ၊ နွား ဒေါင့်သန်းရောဂါကာကွယ်ဆေး (Anthrax Vaccine for Cattle and Buffalo)**

ကျွဲ၊ နွားများကို ဒေါင့်သန်း (Anthrax) ရောဂါမှ ကာကွယ်ပေးသည့် ပိုးအရှင်ဖြင့် ထုတ်လုပ်ထားသည့် ကာကွယ်ဆေးဖြစ်ပါသည်။




ကျွဲ၊ နွား ဒေါင့်သန်းရောဂါကာကွယ်ဆေး

**ဖော်စပ်ပုံ**

ရောဂါဖြစ်ပွားမှုအားပျော့သော ပိုးအရှင်၏စပိုး Bacillus anthracis (Mukteswar Strain) ကို Saponin ပါဝင်ဖျော်စပ်ထားပြီး မူမှန်ဂလစ်စရင်းဆားရည်တွင် သတ်မှတ်ထားသည့် ပိုးအရေအတွက် စံနှုန်းကိုက်ညီအောင်ထည့်သွင်း ဖော်စပ်ထားသည့် ဆေးဖြစ်သည်။

**ဆေးအညွှန်း**

ကျွဲ၊နွားများအား ဒေါင့်သန်းရောဂါမှ ကာကွယ်ရန် အသုံးပြုသောဆေးဖြစ်သည်။ (၆)လနှင့်အထက် ကျန်းမာသော ကျွဲ၊ နွားများကို ထိုးနှံပေးနိုင်သည်။ ရောဂါဖြစ်ပွားသောဒေသများတွင် နှစ်စဉ်တစ်နှစ်တစ်ကြိမ် မှန်မှန်ထိုးပေးရန်လိုအပ်သည်။

**အသုံးပြုပုံ**

ဆေးမထိုးမီပုလင်းကို သေချာစွာလှုပ်ပါ။ ကျွဲ၊ နွားတစ်ကောင်လျှင် တစ်စီစီ(1CC)နှုန်းဖြင့် အရေပြားအောက်သို့ ထိုးနှံပေးရမည်။

**သိမ်းဆည်းခြင်း**

အပူချိန် (၂-၈) ဒီဂရီစင်တီဂရိတ်ရှိ ရေခဲသေတ္တာတွင် သိမ်းဆည်းပါ။

**ပြည်သူလူထုအား အသိပညာပေးခြင်း**

ကျေးလက်ဒေသများရှိ လယ်သမားများ၊ တိရစ္ဆာန်မွေးမြူသူများ၊ ကျန်းမာရေးဝန်ထမ်းများ ဒေါင့်သန်းရောဂါ ကူးစက်နိုင်ခြေမြင့်မားသော ပြည်သူများအား ဒေါင့်သန်းရောဂါ၏ လက္ခဏာများ၊ ရောဂါကူးစက်နိုင်သောလမ်းကြောင်းများနှင့် ကာကွယ်ရေးနည်းလမ်းများကို ပညာပေးအစီအစဉ်များဖြင့် အသိပညာမြှင့်တင်ရန် အရေးကြီးပါသည်။

**စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်း (Active Surveillance System)**

ဒေါင့်သန်းရောဂါ၏ ကူးစက်မှုကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ခြင်းသည် ရောဂါထိန်းချုပ်ရေးအတွက် အဓိကအချက်ဖြစ်သည်။ ရောဂါဖြစ်ပွားဖူးသော ဒေသများ (Previous Outbreak Areas)၊ တိရစ္ဆာန်မွေးမြူရေးဇုန်များ (Livestock Farming Zones)၊ ရာသီဥတုပူပြင်းပြီး မြေဆီလွှာခြောက်သွေ့သောဒေသများ (Arid and Semi-Arid Regions) နှင့် နယ်စပ်ဒေသများ(Border Areas with Weak Veterinary Controls)တွင် စောင့်ကြည့်စနစ်များ ထူထောင်ရန် လိုအပ်ပါသည်။ လူသားများအား ကူးစက်မှုမဖြစ်မီ ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်များထဲမှ Bacillus anthracis (spores) များကို စောစီးစွာ ရှာဖွေဖော်ထုတ်နိုင်သည့် အဆင့်မြင့် ရောဂါရှာဖွေရေးနည်းပညာ အသုံးပြုခြင်းများ ပါဝင်ပါသည်။ ဒေါင့်သန်းရောဂါပိုးသည် မြေကြီးထဲတွင် နှစ်ပေါင်းများစွာ အသက်ရှင်နိုင်သော မျိုးစေ့ (spores)အဖြစ် ရှိနေနိုင်သည်။ ထို့ကြောင့် ရောဂါဖြစ်ပွားဖူးသောဒေသများ၊ ကျွဲ၊ နွားများ ကျက်စားရာနေရာများတွင် မြေဆီလွှာနမူနာများ ပုံမှန်ယူ၍ ဓာတ်ခွဲစစ်ဆေးခြင်း ပြုလုပ်သင့်သည်။ PCR (Polymerase Chain Reaction) နှင့် ELISA (Enzyme-Linked Immunosorbent Assay) ကဲ့သို့သော အဆင့်မြင့်ရောဂါ ရှာဖွေရေးနည်းပညာများဖြင့် သွေး၊ မြေနမူနာများတွင် ဒေါင့်သန်းရောဂါပိုးကို မြန်ဆန်စွာဖော်ထုတ်နိုင်သည်။ အထူးသဖြင့် ရုတ်တရက်သေဆုံးသော တိရစ္ဆာန်များကို ဒေါင့်သန်းရောဂါပိုးရှိမရှိ စစ်ဆေးခြင်းနှင့် သေဆုံးသော တိရစ္ဆာန်များကို မြေမြှုပ်ခြင်း/ မီးရှို့ခြင်းဖြင့် ပိုးမွှားများ ပြန့်ပွားမှုကို ကာကွယ်နိုင်ပေသည်။

**ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း**

- ဒေါင့်သန်းရောဂါ ကူးစက်ဖြစ်ပွားသော တိရစ္ဆာန် အသေကောင်မှ အသား၊ သွေး၊ ကိုယ်တွင်းအင်္ဂါနှင့် အရည်တို့သည် ရောဂါပိုးများပါဝင်သဖြင့် တိရစ္ဆာန်နှင့် လူတို့အတွက် အန္တရာယ်ရှိပါသည်။
- တိရစ္ဆာန်တစ်ကောင်တွင် ဒေါင့်သန်းရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ၎င်းအား သတ်ဖြတ်ခြင်း၊ သွေးထုတ်ခြင်းမပြုလုပ်ရပါ။ သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အကြောင်းကြားရန် လိုအပ်ပါသည်။ ၎င်းတိရစ္ဆာန်သေဆုံးပါက အသေကောင်အား ရွှေ့ပြောင်းခြင်း၊ အရေခွံခွာခြင်း၊ လှီးဖြတ်ခြင်း၊ တိရစ္ဆာန်အားခွဲစိတ်ခြင်း မပြုလုပ်သင့်ပါ။ တိရစ္ဆာန်အသေကောင်မှထွက်သော သွေးအား အလျှင်အမြန်ပိုးသတ်ဆေး များများလောင်း၍ ပိုးသတ်ရမည်။
- ဒေါင့်သန်းရောဂါဖြစ်ပွားသော တိရစ္ဆာန်နှင့် ထိတွေ့သော တိရစ္ဆာန်များအား သီးခြားခွဲထားပြီး သေချာစောင့်ကြည့်ရမည်။ ကူးစက်ရောဂါဖြင့် သေဆုံးသော တိရစ္ဆာန်နှင့်တကွ ၎င်း၏ အညစ်အကြေးများကို ခြောက်ပေအနက်ရှိ မြေကျင်းတူး၍ မြေမြှုပ်ပါ။ အသေကောင်ကို ရေမျှောခြင်း၊ မြစ်ချောင်းအနီး၊ ရေတွင်းရေကန်အနီး မြေမြှုပ်ခြင်းမပြုလုပ်ရ။ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများ၏ အကူအညီကို ရယူပါ။

နိဂုံးချုပ်အားဖြင့်ဆိုရသော် ဒေါင့်သန်းရောဂါသည် Bacillus anthracis ဗက်တီးရီးယားကြောင့်ဖြစ်သော ရှေးအကျဆုံး ဇူနိုးတစ်ရောဂါ (Zoonotic disease) တစ်ခုဖြစ်ကာ လူနှင့်တိရစ္ဆာန်များကို ကူးစက်နိုင်ပြီး ရောဂါပိုးသည် မျိုးစေ့သဖွယ် (spore) အဖြစ် နှစ်ပေါင်းများစွာ မြေကြီး၊ အမွေးအမင်နှင့် အရေပြားတို့တွင် ရှင်သန်နိုင်ခြင်းကြောင့် စိုးရိမ်စရာကောင်းသော်လည်း ခေတ်မီသိပ္ပံနည်းကျ ကာကွယ်ထိန်းချုပ်မှုများ၊ One Health ချဉ်းကပ်မှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ထိရောက်စွာ ကာကွယ်နိုင်ပါသည်။ သို့သော် ဇီဝလက်နက်အန္တရာယ်၊ ရာသီဥတုပြောင်းလဲမှုနှင့် ကျေးလက်ဒေသများတွင် ဆင်းရဲမွဲတေမှုတို့ကြောင့် ဒေါင့်သန်းရောဂါသည် ၂၁ ရာစုတွင်လည်း ကမ္ဘာ့ကျန်းမာရေးအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေနိုင်ပါသည်။ တိရစ္ဆာန်များ၊ လူသားများနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ဟန်ချက်ညီသော ဆက်စပ်မှုကို ထိန်းသိမ်းခြင်းဖြင့်သာ ကမ္ဘာ့ကျန်းမာရေးအန္တရာယ်များကို လျှော့ချနိုင်မည်ဖြစ်သည်။ One Health ချဉ်းကပ်နည်းသည် ခေတ်သစ်ကမ္ဘာတွင် ကျန်းမာရေးစနစ်များ၏ အောင်မြင်မှုအတွက် အဓိကသော့ချက်တစ်ရပ်ဖြစ်ပါသည်။

**"ကျန်းမာသော တိရစ္ဆာန်များ = ကျန်းမာသော လူသားများ = ကျန်းမာသော ကမ္ဘာ"**

**အိမ်မြင်ပဲ့ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ကော့သောင်းမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲပြုလုပ်

**ကော့သောင်း ဇူလိုင် ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဟံသာဝတီအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ကော့သောင်းမြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က အမှာစကား ပြောကြားသည်။

ယင်းနောက် ကော့သောင်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ချောစုကြည်က ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် အခွန်ပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တာချီလိတ်မြို့၌ အခွန်ဆိုင်ရာအသိပညာပေး

**တာချီလိတ် ဇူလိုင် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၂၅ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေအပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာနက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ခရိုင်နှင့်မြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တာချီလိတ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဝေလှိုင်ဦးက အခွန်ဆိုင်ရာသိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများ သိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**



## ဒလမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တွေ့ဆုံပွဲကျင်းပ

**ဒလ ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့တွေ့ဆုံပွဲကို ယမန်နေ့နံနက်ပိုင်းက ဗိုလ်ရန်ပြေရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တွေ့ဆုံပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုထွေးက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ အဖွဲ့ဝင်အသစ်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အသင်းဝင်အသစ်များကို မိတ်ဆက်စကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့၏ အခြေခံစည်းမျဉ်းများအကြောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များ အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးများနှင့် ပတ်သက်၍ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ၊ အကြမ်းဖက်မှုများ လျော့ပါးပပျောက်စေမှုနှင့် အမျိုးသမီးအခွင့်အရေး ဆိုင်ရာများကို ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာအမျိုးသမီးအဖွဲ့ဝင်များက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုထွေးက ပြန်လည်ဖြေကြားခဲ့သည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၅၀၀ ထုတ်ချေး

**မိတ္ထီလာ ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်လူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထိုက်က ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ခင်လူးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးအား ငွေကျပ် ၁၅၂ သိန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၁ ဦးအား ငွေကျပ် ၃၄၈ သိန်း စုစုပေါင်းအသင်းသူ အသင်းသား ၁၅၀ အား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၀၀ ကို အသင်းသူ အသင်းသားများ၏ လက်ဝယ်အရောက်အတိုးနှုန်းသက်သာစွာဖြင့် (၁၁)ကြိမ်မြောက် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။ **၂၂၂**



## ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်လူနာများအား အာဟာရလှူဒါန်း



**ကျိုင်းတုံ ဇူလိုင် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက ကျိုင်းတုံဒေသအနီးဝန်းကျင်မှ ဒေသခံပြည်သူ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၂၃ ဦးအား အခမဲ့ခွဲစိတ်ကုသဆောင်ရွက်ပေးနေမှုကို ယမန်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တာဝန်ခံ ဒေါ်ခင်စန္ဒာဦး၊ ကျိုင်းတုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဘမ်ဘီးနာ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဒေဝီမေနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရပြည့် အချိုရည်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၉**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



## လက်ပံတန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)များ စိုက်ပျိုး

**လက်ပံတန်း ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဂုံညင်းတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူး ဦးသက်စိုးကနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ သွားရောက်၍ လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးဧက ၁၀၉ ဧက၌ မိုးနှမ်းနှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ မရှိစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဂုံညင်းတန်းကျေးရွာရှိ မိုးနှမ်းအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာသော ချေးငွေများ ပံ့ပိုးပေးနိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀၉ သိန်းကို မိုးနှမ်းစိုက်တောင်သူ ၃၈ ဦးအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**မောင်ခိုင်**

# ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်မှု အခြေအနေများနှင့် ဆည်ရေသောက် မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇူလိုင် ၉**

နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမင်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာအုပ်စု ဆင်တဲကြီးကျေးရွာရှိ တောင်သူများအား ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် အထွက်နှုန်းတိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ လက်ရှိစိုက်ပျိုးနေသော စပါးမျိုးများအပြင် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့် စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တောင်သူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးရာ နေပြည်တော် ကောင်စီဝင်များက မေးမြန်းဆွေးနွေးချက်များပေါ် လိုအပ်သည်များ မှာကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မိုးစပါးစိုက်တောင်သူများအတွက် သွင်းအားစုများ ပေးအပ်သည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီဝင်သည် ပျဉ်းမနားမြို့နယ် ကင်းပွန်းတန်းကျေးရွာရှိဆည်ရေသောက်မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ တင်ပြချက်များအပေါ် ဆည်ရေသောက် ဧရိယာများသို့ စိုက်ပျိုးရေများ ဖြန့်ဝေပေးရာတွင် တောင်သူများ ဆည်ရေကို အကျိုးရှိစွာသုံးစွဲနိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကြီးကြပ်၍ သက်ဆိုင်ရာတောင်သူများ ပူးပေါင်းပါဝင်သော ရေအသုံးချသူများအဖွဲ့ကို ဖွဲ့စည်း၍ စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှု မရှိအောင် စနစ်တကျ ကြပ်မတ် ဆောင်ရွက်ရန်လိုကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



# သနပ်ပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**သနပ်ပင် ဇူလိုင် ၉**

သနပ်ပင်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အလွတ်တန်း(အမျိုးသား) ဘောလုံးပြိုင်ပွဲကို ပြည်သူ့အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်လျက်ရှိရာ ယမန်နေ့က လောင်မီးကျေးရွာအသင်းနှင့် ငါးချဉ်ပိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြို့ပေါ်ရပ်ကွက် လေးသင်းနှင့် ကျေးရွာအသင်း ရှစ်သင်းတို့က အုပ်စု(၄)အုပ်စုခွဲကာ ဇူလိုင် ၃ ရက်မှ ၂၂ ရက်အထိ ယှဉ်ပြိုင်ကစားပြီး ဗိုလ်လုပွဲကို ဇူလိုင် ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**



# သမဝါယမအသင်းသားများအား မျိုးစေ့ချစက်ထောက်ပံ့ခြင်းနှင့် ငါးသားပေါက်များ ထည့်သွင်းမွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်

**တောင်ကြီး ဇူလိုင် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ ပူးပေါင်း၍ ယနေ့တွင် စီမံကိန်းစပါးများ စိုက်ပျိုးလျက်ရှိသည့် "ပုလဲရတနာ" စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ လိုအပ်ချက်ဖြစ်သည့် မျိုးစေ့ချစက် Seeder စက်များကို မြို့နယ်အစီအစဉ်ဖြင့် အသင်းသားများအား ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် မြို့နယ်သမဝါယမအသင်းစုပိုင် ငါးမွေးမြူရေးကန်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် ငါးသားပေါက်ကောင်ရေ ၈၁၀၀ နှင့် အသင်းစုမှ ငါးသားပေါက်ကောင်ရေ ၉၉၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၈၀၀၀ ကို ထည့်သွင်းမွေးမြူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်စည်းဝေး



**မရမ်းကုန်း ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့က အဆိုပါရုံး၌ ကျင်းပရာ မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မာချိုက ရွေးချယ်ခံရသော အမှုဆောင်များအား ကတိသစ္စာခံယူစေသည်။ ယင်းနောက် အသင်းသား ၃၉၃ ဦးအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၁၅၁၀၉၆၉၉ နှင့် အသင်းသားအကျိုးဝေစု ၇၈၆၀၀၀၀ ကို ထုတ်ပေးခဲ့သည်။ **အောင်မြင့်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ မူလွန် (ဖြန့်ကြီးမြစ်ကျိုး) G-5မှ မပန်းမြတ်ခင်၏ ဖခင်အမည်မှန်မှာ ဦးတော်ကောင်း ၁၄/မမက(နိုင်) ၂၀၆၉၃၂ဖြစ်ပါကြောင်း။

**ဦးတော်ကောင်း**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဆ၊ သုနန္ဒာ(၁၃)လမ်း၊ မြေကွက်အမှတ်-၁၇၈/A၂-၁၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်မြင့်မြင့်အေး (၁၄/လပတ(နိုင်)၁၂၁၃၆၃) အမည်ဖြင့် မှတ်သားတည်ရှိသောမြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အားယခုရောင်းချသူဦးဇော်ဇော်ဝင်း(၉/မရတ(နိုင်)၀၇၀၇၇၂)မှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်ထားသူမှ လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြု လုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို(LL.B.,DIPL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**
**ဖုန်း-၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၉၇၄၀၀၀၈၃၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/9624, Kamax 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထွန်း ၅/စကန(နိုင်)၁၁၀၈၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၈၀)၊ ဦးပိုင်အမှတ် (၁-ဆ/ ၃+၁-ဆ/၄)၊ ဧရိယာ(၀.၉၉+၁.၉၁)ဧက အကျယ်အဝန်းရှိ မြေကွက်များအတွင်းမှ မြောက်ဘက်ခြမ်း (၁.၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်ကျော်လင်း (ဘ) ဦးစိုင်းအောင်မြင့် (၁၃/ကလတ (နိုင်)၀၃၁၄၉၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဘုန်း (LL.B) စဉ်-၁၀၃၈၈**
**တရားလွှတ်တော်ရှေ့နေ**

| | |
|---|---|
| **ဦးရဲဝင်း(LL.B)** | **ဦးပြည့်ကိုကို(LL.B)** |
| **စဉ်-၄၈၉၇၈** | **စဉ်-၁၄၀၁၂** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေ x ၃၂ လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/90902, Honda Scooyi-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာလင်း ၉/ခမစ(နိုင်) ၀၄၆၇၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ (၉) ရပ်ကွက်၊ သံတောင်လမ်း၊ မြေကွက်အမှတ်-သောင်ကြီးမြောက်-၄/၁၃၇-ခ၊ ဧရိယာ ပေ၂၀ x ပေ ၆၀မြေကွက်မှာ ဦးလှစိုး အမည်ဖြင့် မှတ်သားသိရှိသည့် မြေချပါမစ်အမျိုးအစားမြေကွက်ဖြစ်ပါသည်။ ထိုမြေကွက်၏ ဧရိယာပေ ၁၀xပေ၆၀ (ခေါင်းရင်းခြမ်း)ရှိ အိမ်နှင့် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ် မူရင်းများဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုသူ ဒေါ်သိင်္ဂီဝင်း ၁၂/လသယ(နိုင်) ၀၆၀၅၉၈ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မွန်မွန် အောင် ၁၂/ကမတ(နိုင်) ၀၅၀၀၁၉က ဝယ်ယူရန်စရန်ငွေတချို့ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှု အထောက်အထား ခိုင်မာစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မွန်မွန်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသန္တာသော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၄၅/၂၀၁၇)**
**အမှတ်(၃/ခ)မြေညီ၊ နတ်ချောင်း(၂)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၂၂၂၃၀၉၊ ၀၉-၄၂၇၂၇၃၇၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/73793, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာလွင် ၁၄/ကကထ(နိုင်)၂၀၀၀၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/49776, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ထွန်း ၉/အမရ(နိုင်)၁၂၆၁၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/71933, Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်ကြည် ၉/မနမ(နိုင်) ၀၃၇၄၉၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၄၇၅၀၂ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်) ၁၃၁၆၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၅၇၅၆၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်) ၁၃၁၆၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၃၄၉၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၀/မဒန(နိုင်)၁၃၄၁၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) **ဆေးပညာဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာ | Dip.Med.Sc (Clinical Pharmacology) | ၁-နှစ် |
| (၂) | တီဘီနှင့်ရင်ခေါင်းရောဂါကု ပညာဒီပလိုမာ | Dip.Med.Sc (TB & Chest Diseases) | ၁-နှစ် |

(ခ) **ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ) | M.Med.Sc (Anatomy) | ၂-နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) | M.Med.Sc (Physiology) | ၂-နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) | M.Med.Sc (Pharmacology) | ၂-နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ) | M.Med.Sc (Preventive and Tropical Medicine) | ၂-နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာ ဇီဝဓာတုဗေဒ) | M.Med.Sc (Clinical Biochemistry) | ၃-နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ) | M.Med.Sc (Microbiology) | ၃-နှစ် |
| (၇) | ဆေးပညာမဟာသိ ပ္ပံ (ရောဂါဗေဒ) | M.Med.Sc (Pathology) | ၃-နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) | M.Med.Sc (Medical Jurisprudence) | ၃-နှစ် |
| (၉) | ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဆေးပညာ) | M.Med.Sc (Medical Oncology) | ၃-နှစ် |
| (၁၀) | ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုပညာ) | M.Med.Sc (Radiation Oncology) | ၃-နှစ် |
| (၁၁) | ဆေးပညာမဟာသိပ္ပံ (အဏုမြူရောင်ခြည် ဆေးပညာ) | M.Med.Sc (Nuclear Medicine) | ၃-နှစ် |
| (၁၂) | ဆေးပညာမဟာသိပ္ပံ (နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ) | M.Med.Sc (Otorhinolaryngology Head &Neck Surgery) (ORLHNS) | ၃-နှစ် |
| (၁၃) | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) | M.Med.Sc (Anaesthesiology) | ၃-နှစ် |
| (၁၄) | ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါပြန်လည် သန်စွမ်းရေးဆေးပညာ) | M.Med.Sc (Rehabilitation Medicine) | ၃-နှစ် |
| (၁၅) | ဆေးပညာမဟာသိပ္ပံ (အရေပြားရောဂါပညာ) | M.Med.Sc (Dermatology) | ၃-နှစ် |
| (၁၆) | ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ) | M.Med.Sc (Ophthalmology) | ၃-နှစ် |
| (၁၇) | ဆေးပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ) | M.Med.Sc (Mental Health) | ၃-နှစ် |
| (၁၈) | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) | M.Med.Sc (Internal Medicine) | ၃-နှစ် |
| (၁၉) | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) | M.Med.Sc (Surgery) | ၃-နှစ် |
| (၂၀) | ဆေးပညာမဟာသိပ္ပံ (သားဖွားနှင့်မီးယပ်ပညာ) | M.Med.Sc (Obstetrics and Gynaecology) | ၃-နှစ် |
| (၂၁) | ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) | M.Med.Sc (Paediatrics) | ၃-နှစ် |
| (၂၂) | ဆေးပညာမဟာသိပ္ပံ (အရေးပေါ်ကုသမှုဆေးပညာ) | M.Med.Sc (Emergency Medicine) | ၃-နှစ် |
| (၂၃) | ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ) | M.Med.Sc (Thoracic Surgery) | ၃-နှစ် |
| (၂၄) | ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုပညာ) | M.Med.Sc (Neurosurgery) | ၃-နှစ် |
၄။ လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ထိုကဲ့သို့ လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။ ကြိုတင်မိတ္တူ တစ်စောင်ကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်သို့ ပေးပို့လျှောက်ထားရမည်။

၅။ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။

၆။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ တက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၇။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကိုမထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည် ဖြစ်ပါသည်။

၈။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများဖြင့် စစ်ဆေးရွေးချယ်ပါမည်။

ပါရဂူသင်တန်းကို (၁၆-၁၀-၂၀၂၅) (ကြာသပတေးနေ့)၊ မဟာသိပ္ပံသင်တန်းနှင့် ဒီပလိုမာသင်တန်းကို (၁၇-၁၀-၂၀၂၅) (သောကြာနေ့) တို့တွင် ကျွမ်းကျင်ဘာသာရပ် ရေးဖြေစာမေးပွဲများကို စစ်ဆေးပါမည်။

၉။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာ နည်းပညာ ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်-၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်(အင်းစိန်)တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၆၇၀ သို့ ပေးသွင်းရမည်။

**(မှတ်ချက်။** မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(အင်းစိန်)တွင် ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ ရန်ကုန်၊ ငွေစာရင်းအမှတ် - MD-၀၁၁၆၇၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးပို့နိုင်ပါသည်။)

၁၀။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဘက် ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၊ ဖုန်း-၀၁-၃၆၄၅၇၅၃၊ ၀၁-၃၆၄၅၇၄၆ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ Website (www.umty.gov.mm) သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၆)၊ ဆုပြည့်ရတနာ(၄)လမ်း၊ အမှတ်(၅၇၈)၊မြေအကျယ်အဝန်း (၁၀'x၆၀')ရှိသည့် အိမ်ခြံမြေအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးစိုးမြင့် ၁၂/ဒဂဆ(နိုင်)၀၀၁၄၈၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဝေ ၁၂/ဥကတ(နိုင်)၀၄၄၉၁၈က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဝေ ၁၂/ဥကတ(နိုင်)၀၄၄၉၁၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီအေး(စဉ်-၁၄၈၁၉) LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**


**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့**
**မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့**


## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/6122 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကြော်ငြာစာ

မင်းဘူးခရိုင်၊ စေတုတ္တရာမြို့၊ အမှတ်(၂)ရပ်ကွက်အတွင်းရှိ မြေဧရိယာ (၃၁.၁၄)ဧကကို နှစ်ရှည်ပင်(ဆေးဖက်ဝင် သစ်ခွ၊ သီဟိုဠ်၊ သရက်) စိုက်ပျိုးရန်အတွက် ဦးထွန်းမောင်အား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ နှစ်(၃၀)လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးခဲ့သည့် အမိန့်စာမူရင်းနှင့် မြေစာရင်းပုံစံ-၁၀၅မှာ ပျောက်ဆုံးသွားပါသဖြင့် ခွင့်ပြုမိန့်နှင့် မြေစာရင်းပုံစံ-၁၀၅အား မိတ္တူရေးကူးခွင့်ပြုနိုင်ပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အထူးအဖွဲ့**
**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**
**မကွေးမြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ဇမ္ဗူသီရိမြို့၊ ၃၃ ကေဗွီ အားကစားခွဲရုံ ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိသော ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ အမှတ် (C) အား ပြုပြင်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေ (Kyat) ဖြင့် လုပ်ငန်းအပ်နှံလိုပါသည်-

**တင်ဒါစတင်ရောင်းချမည့်ရက်** - (၁၀.၇.၂၀၂၅)ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၂၃.၇.၂၀၂၅) ရက်၊ မွန်းတည့် (၁၂: ၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## ရန်ကုန်တက္ကသိုလ်
## ဥပဒေပညာဌာန

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်မှ ကြီးမှူးပြီး အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ ဖွင့်လှစ်မည့်သင်တန်းအမည်-

(၁) စီးပွားရေးဥပဒေပညာဒီပလိုမာသင်တန်း (Diploma in Business Law Course No.23)

(၂) အပြည်ပြည်ဆိုင်ရာဥပဒေပညာဒီပလိုမာသင်တန်း(Diploma in International Law Course No.18)

(၃) မူပိုင်ခွင့်ဆိုင်ရာ ဥပဒေပညာဒီပလိုမာသင်တန်း (Diploma in Intellectual Property Law Course No.6)

| | | |
|---|---|---|
| ၂။ | **သင်တန်းဝင်ခွင့်အရည်အချင်း** | - **အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူများ** |
| ၃။ | **သင်တန်းကာလ** | - (၉)လ |
| ၄။ | **စတင်ဖွင့်လှစ်မည့်ရက်** | - ၂၃-၇-၂၀၂၅ ရက် |
| ၅။ | **DBL,DIL,DIPL လျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၁၆-၇-၂၀၂၅ ရက် |
| ၆။ | **DBL,DIL,DIPL လျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** | - ၁၈-၇-၂၀၂၅ ရက် |
| ၇။ | **လျှောက်လွှာဝယ်ယူရန်နှင့် လျှောက်လွှာလက်ခံမည့်နေရာ** | - ရာမညဆောင်၊ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်။ |
| ၈။ | **သင်တန်းချိန်** | - နံနက်၇:၀၀နာရီမှ ၉:၀၀နာရီ (တနင်္လာနေ့ မှ သောကြာနေ့) |
| ၉။ | **ဆက်သွယ်ရန်လိပ်စာ** | - ရာမညဆောင်၊ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းရန်။ |

***မှတ်ချက်*** လျှောက်လွှာဝယ်ယူရာတွင်ဘွဲ့လက်မှတ်မူရင်းနှင့် မှတ်ပုံတင်မူရင်း ယူဆောင်လာပါရန်။

***လျှောက်လွှာတင်သည့်အခါတွင် လိုအပ်သော စာရွက်စာတမ်းများ**

(၁)ဘွဲ့လက်မှတ်မိတ္တူ(၂)စောင်၊ (ဘွဲ့မူရင်းပြရန်)

(၂)ဓာတ်ပုံ(၅)ပုံ

(၃)မှတ်ပုံတင်မိတ္တူ(၂)စောင်

စီးပွားရေးဥပဒေပညာဒီပလိုမာသင်တန်းသားဦးရေ(၂၀၀)နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာဒီပလိုမာသင်တန်း+မူပိုင်ခွင့်ဆိုင်ရာ ဥပဒေပညာဒီပလိုမာသင်တန်းအတွက် သင်တန်းသားဦးရေ(၁၀၀)စီသာ လက်ခံမည်ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ မင်္ဂလာလမ်း၊ နယ်မြေ(၄)၊ အမှတ် (ခ/၁၅၅)တွင် နေထိုင်သော ကွင်းအမှတ် (၁၈/နဂါးပွတ်ကျောင်းရပ်၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ ၀ ဒသမ ၀၆၆ ဧကရှိ မြေကွက်ကို ဒေါ်ယုယုမွန် ၉/သစန (နိုင်)၀၀၁၂၁၇ အမှုတွဲအမှတ် (၁၂၁/၂၀၀၃)ဖြင့် (၃၀)နှစ် ဂရန်ကို အမည်ပေါက် ရရှိခဲ့ပါသည်။

အထက်ပါမြေကွက်ကို ဒေါ်ယုယုမွန်ထံမှ ကျွန်တော် ဦးကျော်လွင်ဦး ၁၃/တကန(နိုင်)၁၀၁၆၀၄ ထံသို့ ၂၀၂၃ ခုနှစ် အောက်တိုဘာလ(၂၀)ရက်တွင် အပြီးအပိုင်ရောင်းချထားခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ယုယုမွန်၏ အိမ်ဂရန်မူရင်းသည် အမှန်တကယ်ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပါသဖြင့် ဂရန်မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်သူများရှိပါက သက်ဆိုင်သည့် စာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်လွင်ဦး**

**ဖုန်း-၀၉-၂၅၂၈၁၈၈၅၆**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လေပြေအေး ၁၁/သတန(နိုင်)၁၃၃၉၆၄၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လေပြေအေး ၁၁/သတန(နိုင်)၁၃၃၉၆၄နှင့် ဦးရဲကို ၈/ခမန(နိုင်)၁၇၄၅၃၃ တို့သည် တစ်ဦးနှင့်တစ်ဦး သဘောထားခြင်းမတိုက်ဆိုင်တော့သောကြောင့် အသိသက်သေများ၏ရှေ့မှောက်၌ ၂၉-၆-၂၀၂၅ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ဆက်စပ်မှုမရှိတော့ပါကြောင်းနှင့် နောက်နောင်တွင် ဦးရဲကိုနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လေပြေအေး၏ လွှဲအပ်ချက်အရ-**
**ဒေါ်ဝင်းမြနွယ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၁၆၆)**
**မင်းသုခလမ်းသွယ်၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့**
**ဖုန်း-၀၉-၉၇၄၁၁၄၉၁၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အခြေခံပညာအလယ်တန်းဆင့် (Grade 6,7,8,9) နှင့် အထက်တန်းဆင့် (Grade 10,11,12) ကျောင်းသား၊ ကျောင်းသူများ အသုံးပြုရမည့် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** | - ၁၀-၇-၂၀၂၅ ရက်၊ ကြာသပတေးနေ့ (၁၀:၀၀) နာရီ |
| **အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်၊ အချိန်** | - ၂၃-၇-၂၀၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၆:၀၀) နာရီ |
| **တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** | - စီမံကိန်းများကြီးကြပ်အကဲဖြတ်ဌာန-၂၊ အခြေခံပညာဦးစီးဌာန၊ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၇၈၁၂၊ ၀၆၇-၃၄၀၇၈၁၅ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှပဒါးစိုက်ကွင်းအတွင်းရှိ မြေ(၄၂.၅)ဧကနှင့် ယင်းမြေပေါ်ရှိ ငါးကန် (၁၀)ကန်အား ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် ဝန်ကြီးဌာန၏ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ငှားရမ်းလုပ်ကိုင်ခွင့်ပြုပေးသွားနိုင်ရန်အတွက် ငါးမွေးမြူရေးလုပ်ငန်း စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်/အစိုးရအသိအမှတ်ပြု ဖွဲ့စည်းထားသော အသင်းအဖွဲ့များအား ငှားရမ်း လုပ်ကိုင်နိုင်ခွင့်ရရှိစေရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်ရက်** | -၁၅-၇-၂၀၂၅ မှ ၂၈-၇-၂၀၂၅ ထိ |
| ၃။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | -စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ ရုံးအမှတ်(၅၀)၊ နေပြည်တော် |
| ၄။ | **တင်ဒါ လျှောက်လွှာလက်ခံမည့်ရက်/နေရာ** | -၃၀-၇-၂၀၂၅ ရက်၊ (၁၃:၀၀)နာရီ စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေး ဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် |

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ ရုံးအမှတ် (၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇၃-၄၁၁၃၁၅၊ ၀၉-၂၅၆၄၅၅၅၈၈၇ တို့သို့ ဆက်သွယ်၍ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## အများသိစေရန် အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ယခင် မန်ကျီးချောင်းကျေးရွာ၊ ယခု ရွှေသောင်ယံမြို့၊ ရွှေသောင်ယံတံတားအနီး မြေဧရိယာ ဧက ၂၈၀၀ ရှိ မြေပေါ်တွင် Star ဧရာဝတီ ငါး၊ ပုဇွန်မွေးမြူရေး လုပ်ငန်းများကို ၁၉၉၇ ခုနှစ်မှစ၍ ယနေ့တိုင်လက်ရောက်နေထိုင်လုပ်ကိုင်ခဲ့ပါသည်။

အဆိုပါမြေဧက ၂၈၀၀ အား မြေပိုင်ရှင် ကျွန်တော် ဦးသိန်းအောင်(ခ) ဟဲရော့ ၁၃/လရန(နိုင်)၀၆၂၅၆၅ နှင့် ဦးတင်မြိုင်(ခ)စိုင်းပြူး ၁၃/လရန (နိုင်) ၀၆၉၈၆၇ တို့သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်စုံတစ်ရာမရှိခဲ့ပါ ယခုအခါ ကျွန်တော်တို့သည် လုပ်ငန်းများ တိုးချဲ့ခြင်းအပြင် အခြားသော စီမံကိန်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြမည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့(၂)ဦးထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းမြေနှင့် ပတ်သက်၍ စာရွက်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက မြေနှင့်ပတ်သက်၍ ကိစ္စအဝဝတို့ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖော်ပြပါ ကျွန်ုပ်တို့(၂)ဦးပိုင်မြေအား မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း ကျူးကျော်ခြင်းများ ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **ဦးတင်မြိုင် (ခ) စိုင်းပြူး** | **ဦးသိန်းအောင်(ခ) ဟဲရော့** |
| **၁၃/လရန(နိုင်)၀၆၉၈၆၇** | **၁၃/လရန(နိုင်)၀၆၂၅၆၅** |
| **အမှတ်(၆/၂)၊ ရဲဘော်လမ်း** | **အမှတ်(၃၁၃)၊ ဗညားဒလလမ်းနှင့်** |
| **ရပ်ကွက်၊ (၄)လားရှိုးမြို့** | **(၁၄၅)လမ်းထောင့်၊တာမွေမြို့နယ်၊** |
| **ဖုန်း-၀၉ - ၄၄၅၅၁၁၂၂၇** | **ရန်ကုန်တိုင်းဒေသကြီး၊** |
| **၀၉ - ၆၇၇၅၂၀၀၈၈** | **ဖုန်း-၀၉- ၇၈၉ ၁၀၇ ၈၉၁** |
| | **၀၉ - ၆၆၀၀၇၈၉၁၀** |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ လှိုင်ထိပ်တင်လမ်း၊ (၅)ရပ်ကွက်နေ (ဦးဇော်ဇော်နိုင်)-ဒေါ်မွန်အေးတို့၏သား ဦးကျော်မင်းနိုင် ၃/မဝတ(နိုင်) ၀၃၀၉၂၃ သည် မိခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့် လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ဦးကျော်မင်းနိုင်နှင့် ဆက်နွယ်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့် ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း ဦးကျော်မင်းနိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မွန်အေး**
**၁၀/ကမရ(နိုင်)၀၅၈၈၀၁**
**ကျုံဝမ်းကျေးရွာ၊ ကျိုက်မရောမြို့နယ်**

## မူလပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ အမှတ် (၄၂၁)၊ ဗိုလ်လရောင်လမ်းမပေါ်(ထောင့်ကွက်)၊ သခင်ဗဟိန်းလမ်းတစ်ကွက်ငုတ်၊ ၃၀- ရပ်ကွက်၊ မြောက်ဒဂုံ။ (အိမ်သုံးမီတာ၊ ပါဝါမီတာ၊ အဝီစိတွင်းပါ) 1 sft ၃.၈ သိန်း(၄၃ / ၅၀x ၆၀ မြေကွက်)

၂။ ပ-၁၀၅ (ထောင့်ခန်း)၊ ပွဲရုံတန်း (၂- ထပ် လူနေဆိုင်ခန်း) မြို့မဈေး၊ နေပြည်တော်။ (၄၅၀၀-သိန်း) ငလျင်ဒဏ်ခံ။ [ အပေါ်ထပ်တွင် MB ခန်း၊ Aircon (၃) လုံး၊ ရေပူရေအေးစက်၊ ရေချိုးခန်း - ၂ ခန်း (ဗိုလ်ထိုင်ပါ)၊ ပြူတင်း/ ခြေကျော်တံခါးများတွင် သံပန်း၊ ခြင်ဇကာပါ၊ စတိုခန်း-၂ ခန်း၊ မီးဖိုခန်း၊ အောက်ထပ် ကြွေပြားခင်း၊ အဆင့်မြင့်ပြင်ဆင်ပြီး]

**ဆက်သွယ်ရန်ဖုန်း-၀၉- ၉၅၆၁၆၃၅၁၉ ၊ ၀၉- ၅၁၇၉၉၇၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ စမုံလမ်းနေ ဒေါ်နွေးအိအိလှိုင် (ဘ)ဦးကျော်ကျော်စိန် ၁၂/မရက(နိုင်)၁၉၄၇၀၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နွေးအိအိလှိုင်မှာ အင်တာနက် လူမှုကွန်ရက်ဖြစ်သော Facebook တွင် Nway Ei Hlaing Hlaing (NaNa) အမည်ဖြင့် Account. Page ဖွင့်လှစ်ပြီး မော်ဒယ်သရုပ်ဆောင် အနုပညာလုပ်ငန်းများ လုပ်ကိုင်ကာသုံးစွဲနေသူ တစ်ဦး ဖြစ်ပါသည်။ ဒေါ်နွေးအိအိလှိုင်၏ လူမှုရေး၊ စီးပွားရေး၊ လုပ်ငန်းခွင်ကိစ္စရပ်များနှင့် ပတ်သက်၍ ဂုဏ်သိက္ခာကျဆင်းစေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်မှသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုမှသော်လည်းကောင်း ပြောဆိုခြင်း၊ လူမှုကွန်ရက်စာမျက်နှာဖြစ်သော Facebook, Tiktok, Instagram, Viber, Telegram, Youtube အစရှိသော Online app များတွင် ဂုဏ်သိက္ခာကျဆင်းစေမည့် စကားလုံးများ၊ ကိုယ်ကျင့်တရားများ ထိပါးစော်ကားပြီး ထိခိုက်နစ်နာစေသည့် စကားလုံးများ၊ Comment, messenger တို့တွင် ပြောဆိုရေးသားခြင်း၊ တဆင့်ပြန်လည်မျှဝေခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ လိုက်နာဆောင်ရွက်ခြင်း မရှိဘဲ ဆက်လက် ပြုလုပ်ပါက ကျွန်ုပ်မိတ်ဆွေ ဒေါ်နွေးအိအိလှိုင်မှ တည်ဆဲဥပဒေနှင့်အညီ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နွေးအိအိလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူကျော်**
**(LL.B, DBL) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂)ညီနောင်ရပ်ကွက်၊ဝမ်းတွင်းမြို့၊**
**ဖုန်း - ၀၉-၇၉၈၈၈၁၆၄၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း ၊ တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ နယ်မြေ(၈)၊ တောင်လှေခါးလမ်းရှိ အိမ်အမှတ်(ရ/၂၇၃) ၊ အရှေ့အနောက် (၅၄x၅၈)ပေ၊ တောင်မြောက်(၅၈x၅၉)ပေ၊ အရှေ့ဘက်သို့လားသော်-လမ်းနှင့် ဦးသန်းရွှေ နေအိမ်၊ အနောက်ဘက်သို့လားသော်-ဒေါ်နေခြည်ဦးအိမ်၊ တောင်ဘက်သို့လား သော် - လမ်း၊ မြောက်ဘက်သို့လားသော် - ဦးဝင်းကိုအိမ်အလားလေးရပ်ရှိ ဦးထွန်းမြင့် ပိုင်ဆိုင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးထွန်းမြင့်မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် လက်ရောက်ပိုင်ဆိုင်ထားသူ ဦးထွန်းမြင့် ၁၃/တကန(နိုင်)၀၈၂၁၄၂ (ဘ) ဦးမြင့်မှ အိမ်မြေ ကာလပေါက်ဈေးတန်ဖိုးများနှင့် အညီ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းထိုက် ၁၂/တတန (နိုင်)၀၃၆၆၂၉ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါ ကန့်ကွက်လွှာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အိမ်မြေ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများအသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းထိုက် ၁၂/တတန (နိုင်)၀၃၆၆၂၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၂၅) (၂၉-၄-၂၀၁၄)**
**အမှတ် (၀တ/၃၆၆)၊ မြသပိတ်လမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၄၅၃၉၆၃၁၆**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

(ဘ)ဦးလှသိန်း၏သား ဦးအာဇာနည် ၉/ဇယသ(နိုင်)၀၁၄၇၄၈ နှင့် (ဘ) ဦးဆန်းဦး၏သမီး ဒေါ်ဖြူ ၉/ဇယသ(နိုင်)၀၁၉၈၁၀ တို့သည် ၆-၇-၂၀၂၅ ရက်တွင်သက်သေများရှေ့မှောက်၌နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးခင်မောင်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် -၁၈၄၁၁/၂၀၂၃)**
**ကျည်တောင်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၇၇၆၈၄၄၇၈၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/ဘီ၊ မြေကွက်အမှတ် (၆၄၇)၊ ဧရိယာ ၀ ဒသမ ၂၅၂ ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၃)ရပ်ကွက်၊ ရွှေနေကြာလမ်း၊ အမှတ် (၆၄၇)ဟုခေါ်တွင်သော နေအိမ်နှင့်တကွအကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင် လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်စုစုဝင်း ၉/မနတ(နိုင်)၁၀၅၈၃၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)**
**အမှတ် (၅၆၅/၅၆၇)၊ MAC TOWER၊ အခန်းအမှတ် (၆၀၃)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၂၅၄၁၁၇၈၅၄**

## ပတ်စ်ပို့ပျောက်

အောင်ပန်းမြို့၊ ညောင်ပင်ထောင် ရပ်ကွက်နေ (ဘ)ပိသန်ဘာရ်၏ သမီး မရာဂျ်ကုမာရီ ၁၃/ကလန(နိုင်) ၀၈၅၆၁၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-663215) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၂၂၁၆၈၃၆**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ညောင်ဖြူစခမ်း ရပ်ကွက်နေ (ဘ)ဦးစိုင်းဆိုင်လျန်း၏ သား စိုင်းထွန်းသိန်း ၁၃/တကန (နိုင်)၃၀၀၆၅၄ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MC-779478)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၇၀၅၂၅၃**

## ပတ်စ်ပို့ပျောက်

လှိုင်လင်မြို့၊ ရပ်ကွက်(၄)နေ (ဘ)ဦးခွန်ဇော်ဝင်း၏သမီး မလှိုင်လင်းဦး ၁၃/တကန(နိုင်)၀၀၄၀၇၅ ၏ နိုင်ငံကူး လက်မှတ်အမှတ်(MA-911021)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၅၂၂၅၁၁**

## ပတ်စ်ပို့ပျောက်

ပင်လုံမြို့၊ ရပ်ကွက်(၄)နေ (ဘ)ဦးဇာနည်ဦး၏သမီး နန်းယဉ်မေဦး ၁၃/လလန(နိုင်)၁၁၆၀၅၃၏ နိုင်ငံကူး လက်မှတ်အမှတ်(MJ-682948)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၇၇၁၄၇၈၃၄၂**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က(၅)၊ Grade-12 မှ မောင်အောင်ကျော်သန်း၏ ဖခင်အမည်မှန်မှာ ခွန်မောင်ကီး ၁၃/တကန(နိုင်)၀၇၆၈၆၆ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းထိုက်ဦး ၅/ကနန(နိုင်)၁၂၈၇၂၈ သည် မြန်မာနိုင်ငံကူးလက်မှတ်အမှတ် MJ-758389 သည် ကားပေါ်တွင် ပျောက်ဆုံး သွားပါသောကြောင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၁၇၅၄၇၉၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 54W/42488 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/97670 Star Diamond Myanmar 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင်ဝင်း ၉/ခအဇ(နိုင်)၀၇၅၉၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမက(၂၁) တောင်ဒဂုံ၊ Grade-1 မှ မောင်မင်းရှင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးမြတ်ဝေယံသူ ၉/ပဥလ(နိုင်)၀၅၄၃၄၇ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက(၃)စည်သူတပ်ခွဲမှ ထက်လင်းဦး ၏ မိဘအမည်မှန်မှာ ဦးမြင့်အောင်(ခ)မင်းသက်နှင့် ဒေါ်ဇာခြည်ဝင်း ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက (၃) စည်သူတပ်ခွဲမှ ထွန်းလင်းအောင်၏ မိဘအမည်မှန်မှာ ဦးလှစိုး (ခ) စောလှစိုးနှင့် ဒေါ်ကြာဇမ်း(ခ)ဒေါ်ကြာဇမ် ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက (၃) စည်သူတပ်ခွဲမှ စွမ်းပြည့်ကိုကို၏ မိဘအမည်မှန်မှာ ဦးစဝင်းကို (ခ)ဦးဝင်းကိုနှင့် ဒေါ်တင်ဝင်း ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက (၃) စည်သူတပ်ခွဲမှ မျိုးထက်မြင့်၏ မိဘအမည်မှန်မှာ ဦးစိုးမိုး (ခ) ဦးမိုးမိုးနှင့် ဒေါ်အေးသက်ခိုင် ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက(၃) စည်သူတပ်ခွဲမှ စိုင်းဟန်လင်းရွှေ၏ မိဘအမည်မှန်မှာ ဦးအိုက်ဆွေ (ခ) ဦးရွှေနှင့် ဒေါ်နင်းနင်းအေးဆန်း ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက (၃) စည်သူတပ်ခွဲမှ စည်သူထွန်း၏ မိဘအမည်မှန်မှာ ဦးဘထွန်းနှင့် ဒေါ်နီ(ခ)ဒေါ်မနီ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရလက (၃) စည်သူတပ်ခွဲမှ ဦးတင်ဇော်ထွေးနှင့် ဒေါ်လွင်မာချို တို့၏သား စိုင်းပြည့်ဟိဏ်းကျော် (ခ) ပြည့်ဟိန်းကျော်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက (၃) စည်သူတပ်ခွဲမှ မျိုးမင်းခန့်၏ မိဘအမည်မှန်မှာ ဦးစန်းမင်းဦး (ခ) ဦးဆန်းမင်းဦး နှင့် ဒေါ်မိုးသီတာ ဖြစ်ပါကြောင်း။

## အများသိစေရန် သတိပေးကြေညာချက်

ကျွန်တော် ဦးဇော်ဝင်း ၁၂/သကတ(နိုင်)၂၃၃၃၀၂ အမှတ် ၈/၂/၉၂၊ ခိုင်ရွှေဝါလမ်း၊ ရပ်ကွက်(၅) လားရှိုးနေထိုင်သူသည် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်၊ လဲချားမြို့၊ ဟိုဝိန်ရပ်ဦးပိုင်အမှတ် (၁၂/ခ) မြေဧရိယာ (၀ဒသမ ၀၉၁) မဒေါ်နန်းလှယဉ် အမည်ပေါက်မြေနှင့် မြေကွက်ပေါ်ရှိ ရိုးရိုး(၂)ထပ်တိုက် အပါအဝင် ယင်းမြေကွက်ပေါ်ရှိ ခံစားခွင့်အရပ်ရပ်အားလုံးကို ၂-၈-၂၀၂၄ ရက်တွင် လဲချားမြို့ ရပ်ကွက်(၁) အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်တို့၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူ အိမ်မြေအရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုပြီး အဆိုပါ အိမ်မြေကို ကျွန်တော် ဦးဇော်ဝင်းမှ ယနေ့တိုင်လက်ရောက်နေထိုင် ပြုပြင်မွမ်းမံလျက်ရှိနေပါသည်။

၎င်းအပြင် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်တွင် နမ်စန်မြို့နယ်၊ နောင်ကြီးအုပ်စု သီကောင်ရွာနေ ဦးစိုင်းဟန်လှိုင် ၁၃/နစန (နိုင်)၁၀၄၄၈၂ ပိုင် အိမ်မြေဖြစ်သော လဲချားမြို့ ဟိုဖိုင်ကျေးရွာရှိ ရှေ့မျက်နှာစာ (၈၁)ပေ အနောက်သို့ (၇၂)ပေ၊ တောင်သို့ (၁၁၀)ပေ၊ မြောက်ဘက်လားသော် လုံးအိန္ဒာ၊ အနောက်ဘက်လားသော် စိုင်းနန္ဒော၊ အရှေ့ဘက်လားသော် လူသွားလမ်း၊ မြေကိုလဲချားမြို့၊ ဟိုဖိုင်ကျေးရွာ ရပ်မိရပ်ဖ ဦးလုံးပန္တနှင့် ဟိုဖိုင်ကျေးရွာ တာဝန်ခံ ဦးလုံးဆုနန္ဒတို့ ရှေ့မှောက်၌ နှစ်ဦးသဘောတူအိမ်မြေ အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုဝယ်ယူပြီး နေအိမ်အဟောင်းကို ပြုပြင်မွမ်းမံ၍ လက်ရောက်နေထိုင်လျက်ရှိပါသည်။ အဆိုပါမြေကွက်များကို ကျွန်တော် ဦးဇော်ဝင်းကိုယ်တိုင် ဦးဇော်ဝင်းဖြင့် လက်မှတ်ရေးထိုးစာချုပ် ချုပ်ဆိုဝယ်ယူထားသော မြေကွက်များဖြစ်သည့် အထိုက်အလျောက် အဆိုပါ မြေကွက်များကို ကျွန်တော် ဦးဇော်ဝင်းကိုယ်တိုင် မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းတစ်စုံတစ်ရာ ပြုလုပ်ထားခြင်းမရှိပါ။

ယခုအခါ လဲချားမြို့ ရပ်ကွက်(၁)အိမ်မြေ၏မူလပိုင်ရှင် ဒေါ်နန်းလှယဉ် အမည်ပေါက်ခြင်းကို ကျွန်တော် ဦးဇော်ဝင်းအမည်ဖြင့် အမည်ပြောင်းပြုလုပ်မည်ဖြစ်ပြီး ဟိုဖိုင်ကျေးရွာရှိ အိမ်မြေအား ပိုင်ဆိုင်မှုအထောက်အထားများ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်း၊ ဂရန်မူရင်းများနှင့်တကွ တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေရန်အသိပေး အကြောင်းကြားအပ်ပါသည်။

**ဦးဇော်ဝင်း**
**၁၃/သကတ(နိုင်)၂၃၃၃၀၂**
**ခွါညိုလမ်းအရှေ့ပင်စင်ရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၄၀၁၉၀၁၇၀၄ ၊ ၀၉-၆၈၇၀၄၄၁၁၁**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ မြို့မတာဝါ၊ အထပ်အမှတ်(၁၀)၊ အခန်းအမှတ် (Type-4)နေ ဦးကျော်စည်သူ ၇/တငန(နိုင်)၁၃၂၈၅၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စည်သူနှင့် ညောင်ရွှေမြို့၊ သာစည်ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၂၇)နေ ဒေါ်အိသိင်္ဂီဟန် ၁၃/ညရန(နိုင်)၀၇၉၄၁၇ တို့သည် ၁၇-၆-၂၀၂၅ ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး သီးခြားခွဲခွာ နေထိုင်ကြပြီးဖြစ်၍ တစ်စုံတစ်ရာ သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန်ကြေညာအပ်သည့်အပြင် ဒေါ်အိသိင်္ဂီဟန်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို ဦးကျော်စည်သူက ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်စည်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၃၁)**
**အမှတ်(၁၇၆)၊မြောက်ကျောင်းလမ်း၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၅၀၀၄၁၁၃၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလော်ထီအနောက်ကျေးရွာအုပ်စု၊ ကလော်ထီးအနောက်ကျေးရွာ၊ ကွင်းအမှတ်(၉၆၂/B)၊ ကွင်းအမည် (နှုတ်ခမ်းမွှေးသိုက်) ဦးပိုင်အမှတ်(N/၂၆၆)၊ ဧရိယာ ၂ ဒသမ ၀၁ ဧက၊ မြေလုပ်ကိုင်သူအမည် မလားမှ ငိုက်ဆန်ငီးအမည်ပေါက် မြေအား မြေစာရင်းပုံစံ(၈)မူရင်းအား တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားသော မြေခွန်ပြေစာအမည်ပေါက် လျှောက်ထားသူ ဒေါ်ဇင်မာဦး ၁၂/သကတ(နိုင်)၁၆၆၁၃၀ မှ လိုအပ်သော စာရွက်စာတမ်းများနှင့် အမည်ပေါက် လျှောက်ထားခြင်းလုပ်ငန်းစဉ်များအား ဆက်လက်လုပ်ဆောင်ပါတော့မည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျသော ခိုင်လုံသောသက်သေအထောက်အထားများနှင့်တကွ ဤကြော်ငြာပါဝင်သည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အထက်လုပ်ငန်းဆောင်တာများအား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာဦး ၁၂/သကတ(နိုင်)၁၆၆၁၃၀**
**ဖုန်း-၀၉-၇၉၉၀၀၀၀၈၅**

## မွေးသက္ကရာဇ်အမှန်

ရလက (၃) စည်သူတပ်ခွဲမှ ရဲမင်းသက်၏ မွေးသက္ကရာဇ်မှန်မှာ ၁၃-၈-၁၉၉၃ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက (၃) စည်သူတပ်ခွဲမှ ကျော်လင်းအောင်၏ မိဘအမည်မှန်မှာ ဦးစိုးစိုးကျော် (ခ) ဦးစိုးကျော် နှင့် ဒေါ်ခင်စန်းထွေး ဖြစ်ပါကြောင်း။

## အများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက်၊ အိမ်အမှတ်(၉/၃၀)၊ ဧရိယာ (၀ ဒသမ ၀၉)ဧကရှိ ဝင်းမြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်လွန်နီအန်း ၅/ကလထ(နိုင်)၁၅၇၃၃၉ က လွန်ခဲ့သော နှစ်(၃၀)ကျော်ကတည်းက ယနေ့အချိန်ထိ လက်ဝယ်ထားရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အိမ်ဝင်းမြေနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေက အခြားသူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းတစ်စုံတစ်ရာဖြင့် ပေးကမ်းထားခြင်း၊ လွှဲပြောင်းထားခြင်းများမရှိသည့်အပြင် ၎င်း၏ မည်သည့် သားသမီးကိုမျှလည်း လုပ်ပိုင်ခွင့်လွှဲပြောင်းပေးခြင်း၊ အမွေကြိုတင် ပေးကမ်းခြင်းများမရှိဘဲ ကျွန်ုပ်မိတ်ဆွေက ယနေ့အချိန်ထိ လက်ဝယ်ထားရှိ နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဒွန်စန်းကိမ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၇၆)**
**အမှတ်(၅/၉)၊ သဇင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကလေးမြို့၊ ဖုန်း- ၀၉-၄၀၂၅၈၂၃၀၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
## ဒီပလိုမာသင်တန်းများ၊ မဟာဘွဲ့သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၆)ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(Online)<br>Diploma in Hospital Administration (Online) | (၉)လ |
| (ခ) | အာဟာရပညာဒီပလိုမာ<br>Diploma in Nutrition and Dietetics | (၉)လ |

**မဟာဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးမဟာဘွဲ့<br>Master of Public Health (MPH) | (၁)နှစ် |
| (ခ) | ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့<br>Master of Hospital Administration (MHA) | (၁)နှစ် |

**ပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)<br>Ph.D(Public Health) | (၃)နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

**(က) ဒီပလိုမာသင်တန်းများ**

**(က)(၁)ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ (Online) သင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ဆေးပညာဘွဲ့ (M.B.,B.S) (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၅)နှစ်ပြည့်ပြီးသူ၊ ၎င်း(၅)နှစ်တွင် ဆေးရုံလုပ်သက်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ (မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသူများကို ဦးစားပေးမည်)။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၅) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

**(က)(၂)အာဟာရပညာဒီပလိုမာသင်တန်း**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ဆေးပညာဘွဲ့ (M.B.,B.S) (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသောအလားတူဘွဲ့ (သို့မဟုတ်) သူနာပြု သိပ္ပံဘွဲ့(B.N.Sc)(ပုံမှန်/ ပေါင်းကူး) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) (B.Comm.H) ရရှိပြီး လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ် ပြည့်ပြီးသူနိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(သူနာပြုသိပ္ပံဘွဲ့ (B.N.Sc) (ပေါင်းကူး) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(B.Comm.H) ရရှိသူဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် ဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါအနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူဖြစ်ရမည်။)
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၄) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**(ခ) မဟာဘွဲ့သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ (MPH) သင်တန်းအတွက် ဆေးပညာဘွဲ့(M.B.,B.S)(သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) (သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့ (B.N.Sc) (ပုံမှန်/ပေါင်းကူး) (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (B.Med.Tech) (သို့မဟုတ်) ဆေးဝါးသိပ္ပံဘွဲ့(B.Pharm) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) (B.Comm.H) (သို့မဟုတ်) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) ရရှိထားသူများ လျှောက်ထားနိုင်သည်။
(၃) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ (MPH) သင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင် ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ် ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) ဆေးရုံအုပ်ချုပ်မှုပညာ မဟာဘွဲ့သင်တန်းအတွက် ဆေးပညာဘွဲ့ (M.B.,B.S)(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှအသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူဖြစ်ရမည်။
(၅) ဆေးရုံအုပ်ချုပ်မှုပညာ မဟာဘွဲ့သင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၅)နှစ်ရှိသူ၊ ၎င်း(၅)နှစ်တွင် ဆေးရုံလုပ်သက်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ ဆေးရုံစီမံခန့်ခွဲရေးလုပ်ငန်းများကို အမှန်တကယ် စိတ်ပါဝင်စားသူဖြစ်ရမည်။
(၆) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့် ဆေးရုံအုပ်ချုပ်မှုပညာ မဟာဘွဲ့သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(၇) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့် ဆေးရုံအုပ်ချုပ်မှုပညာ မဟာဘွဲ့သင်တန်းများအတွက် မဟာဘွဲ့ရရှိပြီးနောက် သတ်မှတ်ထားသောဦးစီးဌာနများတွင် အနည်းဆုံး(၁)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။
(၈) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့နှင့် ဆေးရုံအုပ်ချုပ်မှုပညာ မဟာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**(ဂ) ပါရဂူဘွဲ့သင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(MPH) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံဘွဲ့(ပြည်သူ့ကျန်းမာရေး) M.Med.Sc(Public Health) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံဘွဲ့(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) M.Med.Sc (P&TM) ရရှိသူ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးဆိုင်ရာမဟာဘွဲ့တစ်ခုခုရရှိပြီး MPH အတွက် အနည်းဆုံးလိုအပ်သည့် ဘာသာရပ် Credit ရှိသူများဖြစ်ပြီး လျှောက်လွှာပိတ်သည့်ရက်တွင် မဟာဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၃) တစ်ခုထက်ပိုသော မဟာဘွဲ့/ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိထားသူဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် ပထမ မဟာ ဘွဲ့/ ဆေးပညာမဟာသိပ္ပံဘွဲ့ (ပြည်တွင်း/ပြည်ပ) ရရှိပြီးနောက် ခွင့်ရက်မပါအနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၄) ပြည်ပ၌ မိမိအစီအစဉ်ဖြင့်ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားလာပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ်ရှိသူ ဖြစ်ရမည်။
(၅) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၆) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်းလျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၄။ ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ရန်ကုန်သို့လိပ်မူ၍(မပျက်မကွက်) ပေးပို့ရမည်။

၅။ လျှောက်လွှာပိတ်မည့်ရက်မှာ **(၂၉-၈-၂၀၂၅) ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ-
ပါရဂူဘွဲ့သင်တန်း - ၁၆-၁၀-၂၀၂၅ (ကြာသပတေးနေ့)
ဒီပလိုမာနှင့်မဟာဘွဲ့သင်တန်းများ- ၁၇-၁၀-၂၀၂၅ (သောကြာနေ့) တို့ဖြစ်ပါသည်။

၇။ ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ (Online) သင်တန်းဝင်ခွင့်ကို လူတွေ့နှုတ်ဖြေစာမေးပွဲစစ်ဆေးပြီး ရွေးချယ်မည် ဖြစ်ပါသည်။

၈။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင် စာရင်းကိုထုတ်ပေးမည်။

၉။ လူတွေ့/နှုတ်မေးစစ်ဆေးမည့်ရက်ကို ဝင်ခွင့်နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရစာရင်းထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၀။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၅)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၂၆၂၂ သို့ ပေးသွင်းရမည်။

**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ် MD-၀၁၂၆၂၂ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။

၁၁။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခြင်းခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာ သင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၂။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင်မတက်ရောက် လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက် အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်သည်။

၁၃။ အသေးစိတ်အချက်အလက်များကို စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် ဖုန်း-(၀၉-၆၅၁၆၆၆၈၀၁/ ၀၉-၄၄၈၅၃၄၄၄၇) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ Website-http://uph-myanmar.gov.mm သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

## မိဘအမည်မှန်

ရလက (၃) စည်သူတပ်ခွဲမှ သန့်ဇင်ထွေး၏ မိဘအမည်မှန်မှာ ဦးဝင်းမင်းသန်း (ခ)ဦးမင်းနိုင်နှင့် ဒေါ်စံပယ် ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရလက (၃) စည်သူတပ်ခွဲမှ လောင်ဆန်း၏ မိဘအမည်မှန်မှာ ဦးငွါးဆာခီ နှင့် ဒေါ်နားရဲ့ဘော် (ခ) ဒေါ်နားရဲ့ဘို ဖြစ်ပါကြောင်း။

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/9099 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 31W/97111

Yamaha DT 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ထွန်း ၉/မရတ(နိုင်)၀၁၂၁၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၅၄၆၃

Yamaha Fino ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွန်း ၉/ခအဇ(နိုင်) ၀၁၁၂၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးဝါးတက္ကသိုလ်၊ မန္တလေး
# မန္တလေးမြို့

## ဆေးဝါးသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆-ပညာသင်နှစ်အတွက် ဆေးဝါးတက္ကသိုလ်၊ မန္တလေး၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဝါးမဟာသိပ္ပံ(M.Pharm)သင်တန်းများနှင့် ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (Ph.D)သင်တန်းများသို့ သတ်မှတ် အရည်အချင်းများနှင့် ပြည့်စုံသူနိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆေးဝါးမဟာသိပ္ပံ(M.Pharm)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဝါးမဟာသိပ္ပံဘွဲ့(ပရဆေးဗေဒ) (M.Pharm) (Pharmacognosy) | (၂) နှစ် |
| (ခ) | ဆေးဝါးမဟာသိပ္ပံဘွဲ့(ဆေးဝါးဖော်စပ်ရေးဗေဒ) (M.Pharm) (Pharmaceutics) | (၂) နှစ် |
| (ဂ) | ဆေးဝါးမဟာသိပ္ပံတွဲ့(ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ) (M.Pharm) (Pharmaceutical Chemistry) | (၂) နှစ် |
| (ဃ) | ဆေးဝါးမဟာသိပ္ပံဘွဲ့(ဆေးလက်တွေ့ဆေးဝါးသိပ္ပံ) (M.Pharm) (Clinical Pharmacy) | (၂) နှစ် |

**ဆေးဝါးသိပ္ပံပါရဂူဘွဲ့(Ph.D)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (ပရဆေးဗေဒ) (Ph.D) (Pharmacognosy) | (၃) နှစ် |
| (ခ) | ဆေးဝါးသိပ္ပံပါရဂူဘွဲ့(ဆေးဝါးဖော်စပ်ရေးဗေဒ) (Ph.D) (Pharmaceutics) | (၃) နှစ် |
| (ဂ) | ဆေးဝါးသိပ္ပံပါရဂူတွဲ့(ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ) (Ph.D) (Pharmaceutical Chemistry) | (၃) နှစ် |
| (ဃ) | ဆေးဝါးသိပ္ပံပါရဂူဘွဲ့(ဆေးလက်တွေ့ဆေးဝါးသိပ္ပံ) (Ph.D) (Clinical Pharmacy) | (၃) နှစ် |

၂။ **လိုအပ်သောအရည်အချင်းများ**

**(က) ဆေးဝါးမဟာသိပ္ပံ(M.Pharm)သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးဝါးသိပ္ပံဘွဲ့(B.Pharm) ရရှိပြီးသူဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ် ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၅) ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(၆) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

**(ခ) ဆေးဝါးသိပ္ပံပါရဂူဘွဲ့(Ph.D)သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးဝါးမဟာသိပ္ပံဘွဲ့ (M.Pharm) ရရှိပြီးသူဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(၅) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ဆေးဝါးသိပ္ပံပါရဂူဘွဲ့သင်တန်းများသို့ လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၄)နှစ်ရှိသူ ဖြစ်ရမည်။

(၆) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်(၂)၊ မန္တလေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်(MD-013006)သို့ ဆေးဝါးသိပ္ပံဘွဲ့လွန် သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်-၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(၂)၊ မန္တလေးမြို့တွင် ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ ငွေစာရင်းအမှတ်(MD-013006)သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။ )

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများကို လုံးဝ ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ဆေးဝါးတက္ကသိုလ်၊ မန္တလေးသို့ လိပ်မူ၍ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၆။ လျှောက်လွှာပိတ်ရက်မှာ (၂၉-၈-၂၀၂၅)ရက် (သောကြာနေ့) ညနေ(၄:၃၀) ဖြစ်ပါသည်။

၇။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ၊ နှုတ်မေးစာမေးပွဲများဖြင့် စစ်ဆေး ရွေးချယ်ပါမည်။

**ဝင်ခွင့်ရေးဖြေစစ်ဆေးမည့်ရက်မှာ**

(က) **ဆေးဝါးသိပ္ပံပါရဂူဘွဲ့ သင်တန်း** - (၁၆.၁၀.၂၀၂၅)ရက် မွန်းလွဲ(၁:၀၀)နာရီမှ(၄:၀၀)နာရီ (ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု)(Essay Type)

(ခ) **ဆေးဝါးမဟာသိပ္ပံသင်တန်း**- (၁၇.၁၀.၂၀၂၅)ရက် မွန်းလွဲ(၁:၀၀)နာရီမှ(၃:၀၀)နာရီ (ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု) )(MCQ)

မှတ်ချက်။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း (၁)နှစ်လျှင် (၂)ကြိမ် စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည် ဖြစ်သည်။

**လူတွေ့နှုတ်မေးစစ်ဆေးခြင်း**

လူတွေ့နှုတ်မေး စစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်မေး ဖြေဆိုခွင့်ရရှိသူ စာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၈။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကိုမတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်းနိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင် ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၀။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ် အချက်အလက်များကို ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ Website:www.uopmdy.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ (ဖုန်းနံပါတ်- ၀၈၅- ၄၇၄၀၁၃၄၊ ၀၈၅-၄၇၄၀၁၃၅၊ ၀၈၅-၄၇၄၀၂၄၄၊ ၀၉-၄၄၂၆၃၁၈၀၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**

---

### မွေးသက္ကရာဇ်အမှန်

ဦးဖိုးလင်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ အင်မြင့်ရွာနေ မောင်မြင့်မြတ်ဖြိုး ၅/ဒပယ(နိုင်)၁၆၃၃၀၉၈၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၃-၂၀၀၇ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ချိုင်အုပ်စု၊ သရက်ပင်ရွာနေ မနန်းယုမွန် ၅/ကနန(နိုင်)၁၀၄၂၂၃၏ ဖခင် ဦးဖိုးကျော်နှင့် ဦးကျော်ကျော် ၅/မမန(နိုင်)၀၃၄၀၄၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဖိုးကျော် (ခ) ဦးကျော်ကျော်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၆၉၆၂၉ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသုခ ၅/ဆလက(နိုင်)၀၈၀၆၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

### ပြင်ဆင်ဖတ်ရှုပါရန်

(၁၁-၆-၂၀၂၅)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)ပါ ဒေါ်ထားထားရင်၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာမှ ဒေါ်ထားထားရင် ၉/ပသက(နိုင်)၀၇၃၂၉၆အစား ၉/သပက(နိုင်)၀၇၃၂၉၆ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၆-၂၀၂၅ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁) ကြော်ငြာတွင် တောင်သမန်ကန်ပတ်လမ်းမြောက်ဘက်၊ ရွှေလင်းပင်ဘုရားအနောက်ဘက် အစား၊ အာရှဘဏ်လမ်းမပေါ်နှင့် ပိတောက်လမ်းကြား၊ ချယ်ရီလမ်းမြောက်ဘက် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/18905 Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လဲ့လဲ့ဝင်း ၉/ခမစ(နိုင်)၀၂၂၉၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/7270 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကြို့ပင်ကောက်မြို့နယ်၊ ဈေးချိုတောင်ရပ်ကွက်၊ ကွင်းအမှတ်(၅S)၊ ဦးပိုင်အမှတ်(၁၆၈)၊ ဧရိယာ ၀ ဒသမ ၁၀၃ကေအား (၆-၉-၂၀၁၂မှ ၅-၉-၂၀၄၂)ထိ ဒေါ်အေးဝင်းအမည်ဖြင့် မြေငှားဂရန်ရရှိပြီး အဆိုပါမြေအား ဦးအောင်ရဲဦးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက (၂၂-၇-၂၀၂၅)ရက်အထိ ခိုင်လုံသော အကြောင်းပြချက်ရှိပါက ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အမည်ပြောင်း ထုတ်ပေးသွားမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

